# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၂၇၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။


၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## လေဖိအားနည်းရပ်ဝန်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်း

နေပြည်တော် ဇွန် ၃၀

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းရိုးတန်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ






## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ နှမ်း ၁၂၉၉၅ ဧကအထိ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇွန် ၃၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်း ၁၂၉၉၅ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၉၉၅ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ ၁၂၉၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။


*စာမျက်နှာ ၃ ကော်လံ ၄ ✻*


## ယနေ့ ဖတ်စရာ


တန်းတူညီမျှမှု ဆိုရာတွင် . . . ဆောင်းပါး စာ ၆

အမည်မည်းစာရင်းကြေညာခြင်း ကြေညာချက် စာ ၈

လာအိုနိုင်ငံ၌ ကျား-မ တန်းတူညီမျှမှု မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်လုပ်ဆောင်မည် နိုင်ငံတကာသတင်း စာ ၁၄






ကိုဗစ်-၁၉ အိုမီခရွန် ဗီဇမျိုးကွဲသစ်ကို သတိထား၍ စောင့်ကြည့်ခြင်း ဆောင်းပါး စာ ၁၀

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များအား တွေ့ဆုံ

**ရန်ကုန် ဇွန် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အဆင့်အမြင့်ဆုံး စာပေဆုဖြစ်သည့် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသား စာပေဆုနှင့် စာပေဝါသနာရှင်များ၏ အရည်အသွေးပြည့် ကောင်းမွန်သည့် စာမူများကို စာအုပ်အဖြစ် ထွက်ပေါ်လာစေရန် ပျိုးထောင်အားပေးသော စာပေဗိမာန်စာမူဆုများကို ၁၉၄၈ ခုနှစ်မှ စတင်၍ အသွင်အမျိုးမျိုးဖြင့် ချီးမြှင့်လာခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါကြောင်း။

ယခုနှစ်တွင်လည်း စာကောင်းပေမွန်များနှင့် ဘဝတစ်သက်တာလုံး စာပေ၌ နှစ်မြှုပ်ထားခဲ့ကြသည့် စာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှင့်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာပေဆုများ စိစစ်ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးစိန်လှိုင် (သူရဇော်)၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးကြ ရာ ပြည်ထောင်စုဝန်ကြီး က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**



* ရှေ့ဖုံးမှ

လျှာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်ဖို့နဲ့ အရည်အသွေးကောင်းဖို့အတွက် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းတွေကို ကြိုးပမ်းဆောင်ရွက်ပေးသွားမှာပါ” ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်းရှိ နှမ်းစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက လျာထားစိုက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများကောင်းမွန်စေရေး၊ ဒေသနဲ့ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်အောင် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



## အင်းစိန်ဂျီတီအိုင်၌ EV နည်းပညာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၃၀**

EV နည်းပညာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (၂/၂၀၂၅) ကို ဇွန် ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ တက်ရောက် အမှာစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဒုတိယဝန်ကြီးသည် EV နည်းပညာ စာအုပ်စာစောင်များကို တာဝန်ရှိသူများ၊ ကျောင်းသားများနှင့် EV သုံးစွဲသည့် ပြည်သူများထံ ပေးအပ်ပြီး EV အလုပ်ရုံ၌ လက်တွေ့လေ့ကျင့်သည့် စက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာနေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် အသိပညာပေးဆွေးနွေးပွဲ စတင်ကျင်းပပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် EV နည်းပညာ အသိပညာပေးဟောပြောမှုများကို ပြန်လည် မေးမြန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တစ်ဦးချင်းဟောပြောမှု၊ အဖွဲ့လိုက်ဆွေးနွေးမှုများနှင့် ဆွေးနွေးမှုရလဒ်များ ပြန်လည်သုံးသပ်မှုများကို ကြည့်ရှုအားပေးပြီး အသိပညာပေးဟောပြောသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များထံ မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# စွမ်းအင်ဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၃၀**

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သဇင်လမ်း (တော်ဝင်သီရိလမ်းနှင့် မြတ်မင်္ဂလာလမ်းကြား) လမ်းဘေးဝဲယာ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ကံ့ကော်၊ ခရေ၊ ကျွန်းနှင့် ပျဉ်းကတိုးပျိုးပင်များကို စတင်စိုက်ပျိုးပေးပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများက ခရေ၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်း၊ သစ်ဆိမ့်ပင် ၄၀၈ ပင်ကို သတ်မှတ်နေရာများ၌ အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ယာပုံ)

ထို့အတူ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများ၊ ရေနံမြေများ၊ စက်ရုံ၊ အလုပ်ရုံများ၌လည်း ခရေ၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်း၊ သစ်ဆိမ့်ပင်၊ သပြေ၊ ကုက္ကို၊ ဝက်သစ်ချနှင့် အခြားအရိပ်ရ လေကာပင် စုစုပေါင်း ၄၅၆၀ ကို စနစ်တကျစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန် ရုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၃၀**

ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန် ရည်ရွယ်၍ ရုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။ (ယာပုံ)

သင်တန်းဖွင့်ပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့် ဟိုတယ်များမှ တာဝန်ရှိသူများ၊ ရုရှား-မြန်မာချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများနှင့် နည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားဈေးကွက်ဝင်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံမှ ရုရှားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ၎င်းတို့နိုင်ငံ၏ ဘာသာစကားများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရုရှားဘာသာစကား ဒီပလိုမာသင်တန်းများ၊ ရုရှားဘာသာစကား (အခြေခံ) သင်တန်းများနှင့် မွမ်းမံသင်တန်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ရုရှားဘာသာစကား (အခြေခံ) သင်တန်းသို့တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် စနစ်တကျလေ့လာသင်ယူကြရန်နှင့် ဘာသာစကားစွမ်းရည်ကိုမြှင့်တင်ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းမှ နည်းပြဆရာတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်ကြားပို့ချမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများအား ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ရုရှားဘာသာစကား(အခြေခံ)သင်တန်းကို နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာများ၊ မာရဝိဇယ၊ ဥပ္ပါတသန္တိဘုရားဂေါပကအဖွဲ့တို့မှ ရွေးချယ်စေလွှတ်သည့် ဝန်ထမ်းများ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇွန် ၃၀**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇွန် ၂၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)ရှိ ဓာတ်အားခွဲရုံ၊ ကုန်ထုတ်ဌာန၊ စတီးအနားကွပ်ဌာန၊ စတီးအရောင်တင်ဌာနတို့ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆေးဝါးစက်ရုံ (အင်ရောင်း)ရှိ သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေး(၂) ဌာနအဆောက်အအုံ ပြန်လည်ပြင်ဆင်နေမှုနှင့် ထိုးဆေးထုတ်လုပ်ရေးဌာနတွင် ထိုးဆေးများ ထုတ်လုပ်နေမှုတို့ကို လည်းကောင်း၊ ကျောက်ဆည် စက်မှုနယ်မြေရှိ အမှတ်(၃၃) အကြီးစား စက်ရုံ (ကျောက်ဆည်) မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှု၊ ပြင်ဆင် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ အမှတ်(၇) အထည်စက်ရုံ (မြစ်သား) မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှု၊ ပြင်ဆင်ဆောင်ရွက် ပြီးစီးမှုနှင့် စက်ရုံအတွင်း ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဝမ်းတွင်းမြို့နယ်ရှိ အမှတ်(၇) အထည်စက်ရုံခွဲ (ဝမ်းတွင်း)၌ စက်ရုံမှူး၊ ဝန်ထမ်းများနှင့်တွေ့ဆုံအားပေးစကား ပြောကြားပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ်ရှိအမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်) ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ်ရှိအမှတ်(၈)အထည် စက်ရုံခွဲ(ရမည်းသင်း) ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံအလိုက်လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဇွန် ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စု နယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့်မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ ဇွန် ၃၀ ရက်တွင် ၈၈ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နွေ၊ မိုး၊ ဆောင်း ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြား၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာရေးဆရာ မောင်ရည်ကျော်(ရှုပဗေဒ)အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ ဒုတိယဝန်ကြီးက အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းအတွက် စာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် စာရေးဆရာ မောင်ရည်ကျော်(ရှုပဗေဒ)က ဗလငါးတန်ပြည့်ဝစေရန် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး နေပြည်တော်လူငယ်ရေးရာတာဝန်ခံက ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိမေးမြန်းပြီး ဆုလက်ဆောင်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နွေ၊ မိုး၊ ဆောင်းရာသီပြည့် သီးနှံစိုက်ပျိုးနိုင်ရေးနှင့် လယ်ယာမြေဥပဒေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့နှင့်အညီ မြေယာအသုံးပြုနိုင်ရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးတွင် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိရေလှောင်တမံ၌ ယာယီရေတားတမံ ဆောင်ရွက်နေမှုနှင့် အရေးပေါ်ရေပိုလွှဲဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေတုံ့ပြန်ခြင်းအသိပညာပေး သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇွန် ၃၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတို့၏ ကြီးကြပ်မှုဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေတုံ့ပြန်ခြင်း အသိပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (Center for Tourism Development – CTD)တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးက ဟိုတယ်များအတွက် ငလျင်အန္တရာယ်ဆိုင်ရာ အသိပညာပေးပိုစတာများအား ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးနှင့် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ငလျင်ဆိုင်ရာ အသိပညာပေး ပိုစတာများကို ရန်ကုန်မြို့ရှိ ဟိုတယ်များတွင် စိုက်ထူဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များအသင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့မှ ဆရာ ဆရာမများ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ မန်နေဂျာနှင့် ကြီးကြပ်သူအဆင့် ဝန်ထမ်း စုစုပေါင်း ၁၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၄ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနရှိ သင်တန်းပို့ချသည့် သင်တန်းခန်းများ၊ မုန့်ဖုတ်သင်တန်း၊ အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေး သင်တန်းခန်းမများနှင့် Mockup Room တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ကော့သောင်းမြို့၌ ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**ကော့သောင်း ဇွန် ၃၀**

သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိအားလုံး ရှင်သန်ရပ်တည် နေထိုင်နိုင်ရန် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် သစ်ပင်သစ်တောများ မပြုန်းတီးရေးနှင့် တိုးပွားရှင်သန်စေရန် နိုင်ငံတစ်ဝန်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ် ကျင်းပဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ကော့သောင်းမြို့ ၅၅၅ တောင်ကုန်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ စစ်ဗျူဟာအဖွဲ့(အခြေချ) ကော့သောင်းမှ စစ်ဗျူဟာမှူး၊ ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနနှင့် NGO အဖွဲ့များ တက်ရောက်ပြီး မိုးရာသီသစ်ပင်များ တပျော်တပါးစိုက်ပျိုးကြသည်။

ဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများက တာဝန်ရှိသူများအား ပျိုးပင်များပေးအပ်ကြပြီး သတ်မှတ်နေရာများတွင် တက်ရောက်လာကြသူများနှင့်အတူ ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတော်တွင် တပျော်တပါးစိုက်ပျိုးနေမှုများအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သည် တနင်္သာရီတိုင်းဒေသကြီးအတွင်း ပဉ္စမအကြိမ်နှင့် ကော့သောင်းမြို့တွင် ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးခြင်းဖြစ်ပြီး ယနေ့စိုက်ပျိုးပွဲတွင် သက်န်း၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ မန်ကျည်းရှား စသည့်သစ်မျိုးပျိုးပင်ပေါင်း ၄၀၀ စိုက်ပျိုးကြကြောင်း



နှင့် ပြည်သူများအနေဖြင့် သစ်ပင်များ စိုက်ပျိုးလိုပါက မြို့နယ်သစ်တောဦးစီးဌာနတွင် ပျိုးပင်များ အခမဲ့လာရောက်ထုတ်ယူစိုက်ပျိုးနိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# တန်းတူညီမျှမှု ဆိုရာတွင် . . .

မိုးကေနိုင်

လူသားတိုင်း မွေးဖွားလာသည်မှ ကွယ်လွန်သည်အထိ သူ့အခွင့်အရေးနှင့်သူ တန်းတူညီမျှအခွင့်အရေးဟူ၍ ရှိပြီးသားဖြစ်ပါသည်။ လူမျိုး၊ ဘာသာတရား၊ ယဉ်ကျေးမှု၊ နိုင်ငံ၊ နေရာဒေသ၊ ယုံကြည်မှုအစွဲအပေါ် မူတည်၍သာ လူအချင်းချင်းအကြား သီးခြားအခွင့်အရေး၊ ထူးခြားအခွင့်အရေးဟူ၍ ရှိကောင်းရှိနိုင်ပါသည်။ သို့သော် ယခုကဲ့သို့ ခြွင်းချက်မှလွဲပြီး လူသားတိုင်းအတွက် လူ့အခွင့်အရေးဟူ၍ အသိအမှတ်ပြု လက်ခံပြီးသားဖြစ်သည့်အတွက် ယောကျ်ား၊ မိန်းမအကြား၊ ကျား၊ မခွဲ၍ ခွဲခြားဆက်ဆံခြင်းမျိုး ရှိသင့်ပါသလား၊ လူအချင်းချင်း၊ ကျား မ အချင်းချင်း ခွဲခြားနှိမ်ချဆက်ဆံခြင်းမရှိ တန်းတူညီမျှ ဆက်ဆံကြမှသာလျှင် ယဉ်ကျေးသောလူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ဟု အားလုံးက လက်ခံထားသည်မဟုတ်ပါလား။

**ပြယုဂ်ကောင်းဖြစ်နေသည့်မြန်မာ**

အထူးသဖြင့် ကျား၊ မ တန်းတူညီမျှဆိုလျှင် မြန်မာနိုင်ငံသည် ပြယုဂ်ကောင်းတစ်ခု ဖြစ်နေပါသည်။ မြန်မာနိုင်ငံ အစိုးရအဆက်ဆက်နှင့် လူ့အဖွဲ့အစည်းတိုင်းက ဘယ်တုန်းကမှ အမျိုးသမီးများကို ပစ်ပယ်မထားပါ။ အရေးပါသူများအဖြစ် သဘောထားပြီးဖြစ်ပါသည်။ အမျိုးသားအခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးဟူ၍လည်း သီးခြားသတ်မှတ်ထားခြင်းမရှိ လေးလေးစားစားဆက်ဆံ၍ နေရာပေးခံထိုက်သူများအဖြစ် မှတ်ယူထားကြပါသည်။

အားလုံးသိသည့်အတိုင်း ကမ္ဘာတွင် နိုင်ငံရေးဂယက်၊ ကိုဗစ် – ၁၉ ကပ်၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးမျိုးစုံနှင့် အခြားသော ပဋိပက္ခမျိုးစုံအောက်၌ ထိခိုက်လွယ်အုပ်စုထဲပါဝင်နေသည့် အမျိုးသမီးများကိုယ်တိုင် ဆိုးကျိုးအနည်း၊ အများသက်ရောက်မှုဒဏ်ကို ခံကြရပါသည်။ ထိုသို့သော အခက်အခဲပြဿနာမျိုးများကို မြန်မာအမျိုးသမီးအများစုကြီးကကော ဘယ်လိုတုံ့ပြန်နေခဲ့ကြပါသလဲ၊ ဘယ်လိုဦးဆောင်ပြီး ဘယ်လိုကိုင်တွယ်ခဲ့ကြသလဲ။ အထူးသဖြင့် မြန်မာအမျိုးသမီး၊ မိခင်များနှင့် ဝန်ထမ်းမိခင်များ အိမ်မှုကိစ္စနှင့် တာဝန်များအကြား ဘယ်လိုထိန်းညှိဆောင်ရွက်သွားကြသလဲ၊ မြန်မာအမျိုးသမီးများ၏ ပင်ကို ဗီဇအရည်အသွေးများကပင် မိမိတို့၏ စွမ်းဆောင်ရည်ကို အကောင်းဆုံးမြှင့်တင်သွားနိုင်ကြသည်ဟု ဆိုနိုင်လောက်ပါသည်။

**စိန်ခေါ်မှုများရှိနေဆဲ**

သို့သော် ကမ္ဘာမှာရော မြန်မာမှာပါ ကျား၊ မ တန်းတူညီမျှမှုတွင် စိန်ခေါ်မှုများကား ရှိနေပါသေးသည်။ ဘယ်လိုဘေးဒုက္ခဖြစ်ဖြစ် အမျိုးသားများထက်အမျိုးသမီးများကပို၍ထိခိုက်လွယ်တတ်သည် ဖြစ်ရာ ကလေး၊ လူအိုများနှင့် တန်းတူအမျိုးသမီးများကို ဦးစားပေးကူညီပံ့ပိုးပေးနိုင်ရေး၊ ၎င်းတို့ကို ထိခိုက်လွယ်အုပ်စု (Vulnerable group) ထဲတွင် အစဉ်အဆက်ထည့်သွင်းထားရပါသည်။ ထိခိုက်လွယ်အုပ်စုထဲပါနေခြင်းက အမျိုးသမီးများသည် အကြမ်းဖက်ခြင်း၏ သားကောင်ဖြစ်နေလို့ပါပဲ။

❖ ၂၀၂၅ World Population Review **စစ်တမ်းတစ်ခုအရ ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံတွင် အမျိုးသမီးဝန်ကြီးချုပ် ၂၁ ရာခိုင်နှုန်း၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၂၆ ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်း တွေ့ရှိရ**

❖ **အုပ်ချုပ်ရေးကဏ္ဍအဆင့်ဆင့်တွင် နေရာယူနိုင်သည့် အမျိုးသမီးအရာရှိကြီးများက ၃၄ ရာခိုင်နှုန်းသာရှိ**

❖ **နောင်နှစ်ပေါင်း ၁၃၀ အထိ ကျား၊ မ တန်းတူညီမျှဖြစ်ရေးသို့ ရောက်နိုင်ရန် ခဲယဉ်းဦးမည့် အနေအထားတစ်ခုဖြစ်သည်ဟု ဆိုထား**

ထို့ပြင် အမျိုးသမီးများသည် အချို့နေရာများ၊ ဖြစ်စဉ်များတွင် ပဋိပက္ခ၏ သားကောင်များ၊ အတ္တလောဘ၏ ပစ်မှတ်များအဖြစ် စိန်ခေါ်မှုကြီးတစ်ခုအဖြစ်လည်း အမြစ်တွယ်နေပါသည်။ ထို့ကြောင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် အမျိုးသမီးများ ကိုယ်တိုင်ကလည်း မိမိတို့၏ စွမ်းဆောင်ရည်မြင့်မားနေအောင် အမြဲကြိုးစားနေရန်၊ မိန်းမသားမို့ အားနွဲ့သူဟု သဘောထားမခံရအောင်၊ အထင်သေးမခံရအောင် ခံယူချက်ထားကြိုးစားရန်၊ အမျိုးသားများနှင့် ယှဉ်လျှင် ဘက်လိုက်၊ ဘေးဖယ်ထား၊ နှိမ့်ချဆက်ဆံခြင်း (Gender Bias) အဖြစ်မခံရအောင် ကြိုးစားနေဖို့လိုပါသည်။

ဆိုလိုသည်မှာ ကျား၊ မ တန်းတူဆိုရာတွင် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုများနှင့်သာမက လုပ်ငန်းခွင်တွင်လည်း အမျိုးသားများနှင့် တန်းတူလုပ်နိုင်ကိုင်နိုင်သော အရည်အသွေး၊ စိတ်ဓာတ်ပိုင်းရင့်ကျက်မှု၊ ခံနိုင်ရည်ရှိမှုများမှာပါ အမျိုးသားများနှင့် တန်းတူ၊ ထို့ထက်ပို၍ မိမိတို့၏ အရည်အသွေးနှင့် လုပ်နိုင်စွမ်းတို့ကို ပြသနိုင်ရန် လိုသည်ဆိုသော အချက်ကို ထောက်ပြလိုခြင်းဖြစ်ပါသည်။

**ဖြစ်နိုင်ပဲ့မလား**

ဖြစ်နိုင်ပဲ့မလားဆိုသည်က ထက်သန်သောဆန္ဒ၊ စိတ်ဓာတ်၊ ပညာနှင့် ဝီရိယပါပဲ။ မွေးရာပါ အခွင့်အရေးအရ လူတိုင်းသည် မွေးကတည်းက တန်းတူအခွင့်အရေးရပြီးသားပင်။ မြန်မာ့သမိုင်းအတိတ်နှင့် ပစ္စုပ္ပန်ကာလကို ပြန်ကြည့်လျှင် နိုင်ငံရေး၊ လူမှုရေး၊ ဘာသာသာသနာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဆေးပညာနှင့် တပ်မတော်နယ်ပယ်အစုံတွင် နမူနာယူစရာ အမျိုးသမီးစွမ်းဆောင်ရှင်များစွာ ရှိခဲ့ဖူးပါသည်။ ဘိုးဘွားလူအိုများ စောင့်ရှောက်ရေး လူမှုဝန်ထမ်းလုပ်ငန်းကို မျိုးစေ့ချပေးနိုင်ခဲ့သည့် ဒေါ်ဦးခွန်း (၁၈၆၈– ၁၉၄၄) ကဲ့သို့ ပရဟိတအမျိုးသမီးများ၊ ကိုလိုနီခေတ်အတွင်း FRCS ခွဲစိတ်ဆရာဝန်ဘွဲ့ရရှိခဲ့ပြီး ပထမဆုံးသော ပါရဂူဖြစ်ရေး အိပ်မက်မက်နိုင်ခဲ့သည့် ဒေါက်တာဒေါ်စောဆ (၁၈၈၄–၁၉၆၂)၊ ၎င်းက အစိုးရအုပ်ချုပ်ရေးအရာရှိအဖြစ်လည်း တာဝန်ယူနိုင်ခဲ့သည့် မြန်မာအမျိုးသမီးတစ်ဦးဖြစ်ခဲ့ပါသည်။ ဒေါ်စောဆအပြင် ကြားဖူး၊ ဖတ်ဖူးသမျှ အတိတ်ကာလ ကမ္ဘာသိထင်ရှားသူ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များကို ပြန်ကြည့်လျှင် ဆေးပညာရှင်များဖြစ်ကြသော ဒေါက်တာဒေါ်မေစု၊ ဒေါက်တာ ဒေါ်ရင်မေ၊ ဒေါက်တာဒေါ်ခင်စီတို့အပြင် တပ်မတော်ဆေးဘက်တွင်လည်း အမျိုးသမီးဆရာဝန်ပါရဂူ၊ သူနာပြုအရာရှိများစွာ ပေါ်ထွက်ခဲ့ကြပါသည်။

■ **မိမိတို့၌ ရှိနှင့်ပြီးဖြစ်သည့် အားသာချက်များကို ဘယ်လိုအသုံးချမည်၊ စွမ်းဆောင်ရည် မြင့်မြင့်မားမားဖြင့် အမျိုးသားများနှင့်တန်းတူ ရင်ပေါင်တန်းအလုပ်လုပ်၊ ကျလာသမျှသော တာဝန်ကြိုးစားထမ်းရွက်ကြပြီး မိမိအတွက်၊ ဌာနအတွက်၊ နိုင်ငံအတွက်၊ လူ့အဖွဲ့အစည်းကြီးအတွက် ဘယ်လိုအောင်မြင်မှုများရရှိအောင် လုပ်ပေးနိုင်ကြမလဲဆိုသည့်အချက်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်**

■ **အားနည်းသူအဖြစ် အထင်မခံရရေး၊ အစော်ကားမခံရရေး၊ အကြမ်းဖက်မခံရရေး ကိုယ်ကိုယ်တိုင် ယုံကြည်မှုအားကောင်းအောင်လုပ်ပြီး စိတ်ပိုင်း၊ ရုပ်ပိုင်း ကျန်းမာကြံ့ခိုင်အောင် လေ့ကျင့်ကြိုးစားနိုင်ကြလျှင် ကျား၊ မ တန်းတူညီမျှမှုဟူသည် နီးစပ်မှုရှိလာမည်ဖြစ်**

ကိုလိုနီခေတ်ကတည်းက မြန်မာကုမ္ပဏီ၊ ဗြဟ္မစရိယကုမ္ပဏီ၊ မြန်မာအမျိုးသမီးနေရှင်နယ်ကောင်စီ၊ ဗမာပြည်လွတ်လပ်ရေးအမျိုးသမီးအဖွဲ့ စသည့် အမျိုးသမီးအသင်းအဖွဲ့များစွာ ရှိခဲ့သည့်အပြင် သခင်မကြီး ဒေါ်ဆယ်(ချောက်)၊ ဒီးဒုတ်ဒေါ်လှမေ၊ ဝံသာနုဒေါ်လှမေ(ကော့ကရိတ်)၊ သခင်မကြီး ဒေါ်သိန်းတင်တို့ကဲ့သို့ မျိုးချစ်အမျိုးသမီးများစွာလည်း ထင်ရှားရှိခဲ့ဖူးပါသည်။ စာရေးဆရာမကြီး လူထုဒေါ်အမာ(၁၉၁၅–၂၀၀၈)၊ စာရေးဆရာ၊ သတင်းထောက်၊ အယ်ဒီတာဆရာမကြီးဒေါ်ခင်မျိုးချစ် (၁၉၁၅–၁၉၉၉) တို့ကဲ့သို့ စာပေပညာရှင်များစွာလည်း ပေါ်ထွန်းခဲ့ကြဖူးပါသည်။

တပ်မတော်သမိုင်းတွင် ပထမဆုံးနှင့် တစ်ဦးတည်းသော တပ်မတော်ဆိုင်ရာ သူရဘွဲ့ရှင်အမျိုးသမီးသူရဲကောင်း သူရမချစ်ပို(ဒေါ်စုပိုချစ်)ဆိုလျှင် အလွန်ထင်ရှားပါသည်။ ယခုခေတ်တွင် ကိုယ့်ထူးကိုယ်ချွန် အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များလည်း ပေါ်ထွက်လျက်ရှိပါသည်။ လွတ်လပ်ရေးတိုက်ပွဲဝင် သူရဲကောင်းများအဖြစ် သောင်းကျန်းသူနှိမ်နင်းရေးတွင် အသက်စွန့်ပါဝင်ခဲ့ကြသူများ ရှိခဲ့ပါသည်။ စာပေ၊ ဆေးပညာ၊ အားကစား၊ နည်းပညာလောက စသည့် နယ်ပယ်အစုံ၊ နိုင်ငံရေးတွင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ်၊ အုပ်ချုပ်ရေးပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ် အဆင့်များအထိ၊ တပ်မတော် (ကြည်း/ ရေ/လေ) နှင့် ပြည်သူ့ရဲတပ်ရင်းတပ်ဖွဲ့များတွင် တိုက်ခိုက်ရေးနှင့် လက်ရုံးကဏ္ဍအလိုက် ပြန်တမ်းဝင်အဆင့်မြင့်ရာထူးများအထိ တာဝန်ယူနေကြသော အမျိုးသမီးပေါင်းများစွာရှိခဲ့၊ ရှိဆဲဖြစ်ပါသည်။ ပြောချင်သည်မှာ မြန်မာအမျိုးသမီးများသည် မီးဖိုချောင်ထဲတွင်သာ အားနွဲ့သူလူတန်းစားတစ်ရပ်အဖြစ် သီးခြားမရပ်တည်ခဲ့ကြဘူးဆိုသည့် အဓိပ္ပာယ်ဖြစ်ပါသည်။ အနည်းဆုံး လူမှုရေး၊ စီးပွားရေးကဏ္ဍအစုံတွင် ထိထိရောက်ရောက် စွမ်းဆောင်နိုင်ခဲ့ကြသူများဖြစ်ကြပါသည်။

**စစ်တမ်းက ပြောနေသည့် အကြောင်းရင်းများကို ကုစားနိုင်ရေး**

သို့သော် ကဏ္ဍစုံနယ်ပယ်စုံ၌ အမျိုးသမီးအင်အားအရ ထုနှင့် ထည်နှင့် ပါဝင်ထမ်းရွက်နေကြသော်လည်း အရည်အသွေးချင်းတူနေသည့်တိုင် ထိပ်ပိုင်းခေါင်းဆောင်မှုနေရာ ရောက်နိုင်သော အရေအတွက်မှာမူ နည်းပါးနေသေးသည်ဟု သုတေသနစစ်တမ်းများက ဆိုပါသည်။ ၂၀၂၅ World Population Review စစ်တမ်းတစ်ခုအရ ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံတွင် အမျိုးသမီးဝန်ကြီးချုပ် ၂၁ ရာခိုင်နှုန်း၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၂၆ ရာခိုင်နှုန်းသာရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ အုပ်ချုပ်ရေးကဏ္ဍအဆင့်ဆင့်တွင် နေရာယူနိုင်သည့် အမျိုးသမီးအရာရှိကြီးများက ၃၄ ရာခိုင်နှုန်းသာရှိသည်ဟု ဆိုထားပါသည်။ အချက်အလက်က ဘာကိုပြသလဲဆိုလျှင် နောင်နှစ်ပေါင်း ၁၃၀ အထိ ကျား၊ မ တန်းတူညီမျှဖြစ်ရေးသို့ ရောက်နိုင်ရန် ခဲယဉ်းဦးမည့် အနေအထားတစ်ခုဖြစ်သည်ဟု ဆိုထားပါသည်။

စီမံခန့်ခွဲမှုဆိုင်ရာ သုတေသနကပြောနေသည့် ထိုသို့သော အနေအထားများကို ပပျောက်စေရန် အမျိုးသမီးများကိုယ်တိုင်က မိမိတို့အရည်အချင်းကို

*စာမျက်နှာ ၇ သို့*

## ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ခရိုင်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် (ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်လှလှဝင်း၊ အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်း-၁၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ နည်းပညာတက္ကသိုလ် ကျောင်းသားကျောင်းသူများနှင့် ပြည်သူများက ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ ပျဉ်းမ၊ မန်ဂျန်ရှားစသည့် ပျိုးပင်ပေါင်း ၁၀၁၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တိုစိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ ဇွန် ၃၀ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်အုန်းနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာအဖွဲ့များပူးပေါင်း၍ မြို့နယ်အတွင်း အခွန်ဆိုင်ရာ အသိပညာပေးချက်များနှင့် ဗီနိုင်းများ ချိတ်ဆွဲထားခြင်းကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဗီနိုင်းထပ်မံချိတ်ဆွဲဆောင်ရွက်ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်စဉ်။ ယောရော(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
 (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
 (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
 (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
 (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
 (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

*စာမျက်နှာ ၆ မှ*

ကြိုးစားတည်ဆောက်နေရမည်ဖြစ်ပါသည်။အမျိုးသမီးနှင့် အမျိုးသားတွင် ပညာသင်ယူမှု၊ ဘာသာရပ်ဆိုင်ရာ လေ့လာကျွမ်းကျင်မှုအပိုင်း(IQ)နှင့် စိတ်ခံစားမှု၊ အမူအကျင့်၊ ယုံကြည်ချက်နှင့် ထိန်းချုပ်နိုင်မှုအပိုင်း(EQ)တွင် ကွာခြားသွားပုံရပါသည်။ မိမိတို့က အားနွဲ့သည်၊ မိမိတို့ကို အားမကိုးကြဘူး၊ ခေါင်းဆောင်ထိပ်ပိုင်းနေရာကို မရောက်နိုင်ဘူးဆိုသည့် အတွေးမျိုးကို ဖျောက်ပြီး အမျိုးသားများနှင့် တန်းတူလုပ်နိုင်သည်ဆိုသော ယုံကြည်ချက်မျိုးထား၊ အမျိုးသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှု၊ လွှမ်းမိုးမှုရရှိနေအောင် ကြိုးစားသင့်သည်ဟု ဆိုပါသည်။

နောက်အဟန့်အတားတစ်ခုမှာ အမျိုးသမီးများတွင် သူတို့ယုံကြည်အားကိုးဖွယ် စံနမူနာပြအဖြစ် မှန်ကန်သည့်ခေါင်းဆောင်မျိုး ရှားပါးနေခြင်းဖြစ်ပါသည်။ တကယ်လည်း အမျိုးသမီးငယ် မျိုးဆက်သစ်များကို မှန်မှန်ကန်ကန် လှုံ့ဆော်ပေးနိုင်မည့် အမျိုးသမီးခေါင်းဆောင်မျိုးက ယခုကာလ၌ ရှားပါသည်။ နောက်ထပ် အဟန့်အတားတစ်ခုမှာ Work life balanced မဖြစ်မှု၊ လုပ်ငန်းခွင်နှင့် မိမိ၏ အိမ်ထောင်သည်ဘဝ ဟန်ချက်ညီမှု မရှိခြင်းပါ။ အိမ်ထောင်သည်လည်းဖြစ်၊ ဝန်ထမ်းလည်းဖြစ်နေသော အမျိုးသမီးအများစုမှာ ၎င်းတို့ကလေးများ၊ သက်ကြီးရွယ်အို အဖေ၊ အမေများအတွက် ပြုစုစောင့်ရှောက်ရန် အချိန်ပေးရသည့်အတွက် လုပ်ငန်းခွင်လုပ်ကိုင်နိုင်စွမ်း အားလျော့သွားသည့်အခါ ၎င်းတို့အပေါ် အသိအမှတ်ပြုမှုလည်း နည်းသွားတတ်ပါသည်။ ထိုအချက်ကို ကျော်လွှားရန်ဆိုလျှင် အိမ်အလုပ်နှင့် လုပ်ငန်းခွင်တာဝန်ကို မျှတနေအောင်၊ အလုပ်ရည်မှန်းချက်လည်း ပြီးမြောက်အောင် ဘယ်လိုစီမံခန့်ခွဲပေးနိုင်မလဲ စဉ်းစားရမည်ဖြစ်ပါသည်။

### လှုပ်ရှားဆောင်ရွက်နေမှုများ

အမျိုးသမီးများအနေဖြင့် တန်းတူရည်တူအခွင့်အရေးပေးထားသည်ဆိုသော အခွင့်အလမ်းများကို ဆုပ်ကိုင်ပြီး မိမိတို့၌ ရှိနှင့်ပြီးဖြစ်သည့် အားသာချက်များကို ဘယ်လိုအသုံးချမည်၊ စွမ်းဆောင်ရည်မြင့်မြင့်မားမားဖြင့် အမျိုးသားများနှင့် တန်းတူရင်ပေါင်တန်းအလုပ်လုပ်၊ ကျလာသမျှသော တာဝန်ကြိုးစားထမ်းရွက်ကြပြီး မိမိအတွက်၊ ဌာနအတွက်၊ နိုင်ငံအတွက်၊ လူ့အဖွဲ့အစည်းကြီးအတွက် ဘယ်လိုအောင်မြင်မှုများရရှိအောင် လုပ်ပေးနိုင်ကြမလဲဆိုသည့်အချက်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။ အမျိုးသမီးများအခွင့်အရေး ဖွံ့ဖြိုးတိုးတက်ရေး၊ အကြမ်းဖက်မှုပပျောက်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး၊ ငြိမ်းချမ်းရေးတို့အတွက် အခွင့်အလမ်းများက ရှိပြီးသားဖြစ်ပါသည်။ Convention on the Elimination of All forms of Discrimination Against Women- CEDAW (အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားပပျောက်မှုဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း)တွင်လည်း မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်သကဲ့သို့ အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ အာဆီယံကော်မရှင်ကော်မတီများတွင်လည်း တက်တက်ကြွကြွ ပါဝင်လှုပ်ရှားနေပါသည်။

အမျိုးသမီးများနှင့် ပတ်သက်လျှင် ကုလသမဂ္ဂက ဦးစီးကျင်းပသည့် ကမ္ဘာ့အမျိုးသမီးများညီလာခံက ချမှတ်ထားသည့် UN Decade for Women နှင့် Beijing Platform for Action BPFA ရှိပါသည်။ စွမ်းဆောင်ရည်မြင့်မားမှုနှင့် ဖွံ့ဖြိုးရေး၊ အကြမ်းဖက်မခံရရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည့်အတွက် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အမျိုးသမီးများနှင့် သက်ဆိုင်သော ဖွံ့ဖြိုးရေးဌာနများ၊ သက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်ပေးပြီး အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားစေရန် ဆောင်ရွက်ပေးနေကြောင်း လေ့လာတွေ့ရှိရပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)ကို စိစစ်ဆောင်ရွက်နေဆဲဖြစ်သလို အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကိုလည်း အကောင်အထည်ဖော်နေသည်မှာ ယခုအခါ NSPAW Phase 2 (၂၀၂၃-၂၀၃၂) ရောက်နေပါပြီ။ နိုင်ငံတကာအဆင့်၊ ဒေသတွင်းအဆင့်၊ နိုင်ငံအဆင့် အဆင့်အားလုံးတိုင်းတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားနေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ကျား၊ မ တန်းတူညီမျှမှု ကွာဟချက်ကို နည်းနိုင်သမျှ နည်းသွားစေရေးမှာ အားလုံးအတူတကွ ပါဝင်ဆောင်ရွက်ပြီး အားလုံးတွင် တာဝန်ရှိကြောင်း ခံယူထားကြရန်ဖြစ်ပါသည်။ အထူးသဖြင့် အမျိုးသမီးများ ကိုယ်တိုင်ဖြစ်ပါသည်။ သဘာဝက အပ်နှင်းထားသည့် လူဖြစ်တာချင်းအတူတူ လူ့လောကကြီးအတွက် မိမိတွင် ဘာတာဝန်များ ရှိနေပါသလဲ၊ မိမိအားသာချက်က ဘာလဲ နားလည်အောင် လုပ်ရပါမည်။ အားနည်းသူအဖြစ် အထင်မခံရရေး၊ အစော်ကားမခံရရေး၊ အကြမ်းဖက်မခံရရေး ကိုယ်ကိုယ်တိုင် ယုံကြည်မှုအားကောင်းအောင် လုပ်ပြီး စိတ်ပိုင်း၊ ရုပ်ပိုင်း ကျန်းမာကြံ့ခိုင်အောင် လေ့ကျင့်ကြိုးစားနိုင်ကြလျှင် ကျား၊ မ တန်းတူညီမျှမှုဟူသည် နီးစပ်မှုရှိလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အမည်မည်းစာရင်းကြေညာခြင်း

၁။ နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသုံးငွေများ ဝင်ရောက်လာသည့် အဓိကလမ်းကြောင်းဖြစ်သော ပို့ကုန်တင်ပို့မှုမှ ရငွေများအပြည့်အဝ ရရှိရန်မှာ အဓိကကျသည့် အချက်ဖြစ်သဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၈-ခ နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ်-၃၅၊ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၃ တို့တွင် အာရှနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ (၃၀) ရက်အတွင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ (၆၀) ရက်အတွင်း ပို့ကုန်တင်ပို့သူ၏ မြန်မာနိုင်ငံအတွင်းရှိ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက် ထည့်သွင်းရန်ဖြစ်ကြောင်း ပြဋ္ဌာန်း သတ်မှတ်ထားပါသည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (FEML) အခန်း (၁၁)၊ ပုဒ်မ ၃၈-ခ တွင် "မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ" ဟုလည်းကောင်း၊ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက FEML ပုဒ်မ ၄၂-က အရ "ထိုသူကို တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသဖြင့် ပို့ကုန်တင်ပို့သူများအနေဖြင့် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့သည့် ပို့ကုန် လုပ်ငန်းရှင်များသည် ပို့ကုန်ရငွေများကို သတ်မှတ်ကာလအတွင်း ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ပြန်လည် ထည့်သွင်းစေရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် AD လိုင်စင်ရဘဏ်များပူးပေါင်း၍ ဆက်သွယ်ခေါ်ယူ စာရင်းရှင်းလင်းခဲ့ပြီးနောက် စာရင်းရှင်းလင်းခြင်းမရှိသည့် ကုမ္ပဏီများ အား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ (၂၃-၆-၂၀၂၅) ရက်နေ့ စိစစ်ချက်အရ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန်ကျန်ရှိ သည့် ပူးတွဲပါကုမ္ပဏီ (၁၉၇) ခုသည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာတို့ပါ သတ်မှတ်ချက်များအား လိုက်နာ ခြင်းမရှိသဖြင့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်း ထည့်သွင်းကြောင်း ကြေညာပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၂၇-၆-၂၀၂၅)

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေး ကတ်မှတ် |
|---|---|---|---|---|
| ၁ | A N C TRADING COMPANY LIMITED | U Chit Hlaing | U Pho Kyar Street, No. (4/8), Merchant Kandaw Lay (SOUTH) Ward, Mingalar Taung Nyunt Township, Yangon | S/DGNM – 000376 |
| | | U Chit Swe | | S/DGNM-041949 |
| ၂ | AFA FAMILY COMPANY LIMITED. | U Kyaw Ko Ko Win | Min Ye Kyaw Swar Street, No. 1/27, Aung Thit Sar Quarter, Kalay Township Chin State | 3/MAWATA(N)073246 |
| | | Daw Aye Aye Myint | | 10/THAHTANA(N)101768 |
| | | Daw Sin Ti Ya So | | 3/MAWATA(N)073245 |
| ၃ | AMARA CHERRY COMPANY LIMITED. | Daw Nwet Nwet Yin | No. 46/47, Aung Theikdi, Ground Floor, 3 Quarter, Hor Kone Yat, Pyi Oo Lwin, Mandalay | 5/MAYANA(N)012137 |
| | | U Tin Hla | | 5/MAYANA(N)014991 |
| | | U Win Thu | Maha Zaya Street, Building No. 8, First Floor, 7 Quarter, Pazudaung Township, Yangon | 9/MAMANA(N)076509 |
| ၄ | ARNO (MYANMAR) COMPANY LIMITED. | Mr. Wang, Min-Hsieng | No. 84, Zhuanzuing; Madou Dist, Tainan City 72154, Taiwan | PP No. 305261733 |
| ၅ | ARYAKHA BYALA COMPANY LIMITED. | Daw Aye Aye Khin | Merchant Road, No.(504-506)(3-A) Ward No.7, Kyauktadar Township, Yangon | 11/MATANA(N)004567 |
| | | U Tun Thar Sein | | 11/SATANA(N)039883 |
| ၆ | ASAKURA MYANMAR TRADING COMPANY LIMITED. | Daw Nan Thu Zar Lin | Zayya 5th Street, No, 124(A), 10 Quarter, South Oakkalapa Township, Yangon | 3/BAAHNA(N)364814 |
| | | Mr. TAKAHIKO SUGIURA | | MZ1199820 |
| ၇ | ASIA WHALE TRAVELS & TOURS COMPANY LIMITED. | Daw May Than Htaik | No.(40), Ground Floor, 7th Street, Lanmadaw, Yangon | 14/MAAHPA(N)146950 |
| | | U Maung Maung Lay @ U Maung Hla | | 6/MAAHYA(N)087195 |
| | | U Zaw Win Ko | | 6/MAAHYA(N)084272 |
| ၈ | ASPEN INTER-NATIONAL CO.,LTD. | U Tun Wai | Myo Thit Street 1, Building No. 39, Room No. 6(B), Kyauk-Myaung East Ward, Tamwe Township, Yangon | 9/MANALA(N)049154 |
| | | U Yan Nyein | Set-Hmu Zone Lane 1, No.87,90,91 NGA/11 Ward, Thar-Du-Kan, Shwepyithar Township, Yangon | 7/THAWATA(N)010311 |
| ၉ | ASPIRE TRADING COMPANY LIMITED. | U Thi Ha Kyaw | Seikkantha Street, 3 A Merchant road, No. 512, Thayapi Condo, Pansodan, Yangon | 13/NAKHANA(N)046116 |
| ၁၀ | AUNG KHANT MYAT COMPANY LIMITED. | U Aung Zaw Lin | No.(367), Thiri Street, (3) Ward, Dagon Myo Thit(Eastern) Township, Yangon | 14/MAAHPA(N)193962 |
| | | U San Lin Aung | | 12/DAGAYA(N)018784 |
| | | Daw Pa Pa Khine | | - |
| ၁၁ | AUNG NAY LIN HTUN CO., LTD | U Aung Ko Latt | 168/1, Myin Thar 10th Street, 14/1 Quarter, South Oakkalapa Township, Yangon | 12/TAMANA(N)002893 |
| | | Daw Lay Lay Myint | | 12/THAMANA(N)002894 |
| | | U Ngwe Tun | | 12/OUKATA(N)000677 |
| ၁၂ | AUSTINPLY MYANMAR PRIVATE LTD. | JAI PRAKASH BHARTIA | Thukhitar Street, No. (60,61,62,69,70 &71), Dagon seikkan Industrial Zone(2), Dagon Seikkan Township, Yangon | Z2616001 |
| | | SIDDHARTH AGARWAL | | R4393184 |
| | | SURENDRA KUMAR AGARWAL | | Z3375615 |
| | | TANU MERH DHAR @ TANU MERH | | E5364936H |
| ၁၃ | AYE THUKHA COMPANY LIMITED. | Daw Khin Moe Moe Aye | Gandamar Street, No. 21 (A), 4th Floor, Sanchaung Township, Yangon | 11/TAKANA(N)074692 |
| | | Daw Khin Thidar Moe | | 11/TAKANA(N)081060 |
| ၁၄ | B B HEIN COMPANY LIMITED. | Daw Phyo Thandar Aye | South Dagon Industrial Zone(2), Pyidaungsu Street, Room (001/101) Block B, Myanmar Ahla Housing, (64) Ward, South Dagon Township, Yangon | 14/MAMANA(N)202786 |
| ၁၅ | BAMBOO SHADE FAMILY COMPANY LIMITED. | Daw Than Kyi | Htar Nar Street, No (60+65), Between of (73 x 75) Street, Zamyinzwe Ward, (Gagyi-60) Pyi Gyi Tagon Township, Mandalay | 12/LAMANA(N)009419 |
| ၁၆ | BANSAL OVERSEAS LIMITED. | Mr. VIRENDER KUMAR | Plot No. 45/46, Myay Tiaing Block, Industrial Zone 3, Hlain Thar Yar Township, Yangon | K3360555 |
| | | Mr. VINEET KYMAR JAIN | | N8717990 |
| ၁၇ | BHONE MYAT HAN COMPANY LIMITED. | U Yi Kyaw | No. 346, Ward 136, Han Lin Street, East Dagon Township, Yangon | 13/NAHSANA(N)011273 |
| ၁၈ | BIOPRO (MYANMAR) COMPANY LIMITED | U AUNG KHIN SINT | WATT KYAUNG STREET, NO.35 WARD NO.2, BOTATAUNG TOWNSHIP, YANGON REGION | 12/BATAHTA(N)035937 |
| | | U KYI PHWA AUNG | | 12/BATAHTA(N)047528 |
| | | Daw NI NI KHIN | | 12/BATAHTA(N)004588 |
| | | U SOE MYINT | | 12/BATAHTA(N)027910 |
| | | Daw WIN HTET HTET SOE MYINT | | 12/BATAHTA(N)039984 |
| ၁၉ | BLUE STAR INTERNATIONAL SEAFOOD CO., LTD | U Maung Kyar Yaw | No.19, Thu Kha Street, Kyan Khin Su Mingalardon Township, Yangon | 13/LAYANA(N)168226 |

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေး ကတ်မှတ် |
|---|---|---|---|---|
| ၂၀ | C & P COMPANY LIMITED. | Mr. CHALOR CHANVROJ | Kyauk Lone Gyi Livestock Zone (3) Street, No(4) Quarter, Myawaddy Township, Kayin State | AA4778812 |
| | | U Saw Thura Kyaw | | 3/MAWATA(N)054075 |
| | | U Kyaw Kyaw Htoo | | 3/MAWATA(N)079591 |
| ၂၁ | CENTURYPLY MYANMAR PRIVATE LIMITED. | Mr. GAURAV SATNALIWALA | Padauk Yeik Nyein Road, 1/13(4th) Floor, Mayangone, Yangon | Z4913321 |
| | | Mr. DANIEL PASCAL RUNSER | | X7174183 |
| ၂၂ | CHENGFANG COMPANY LIMITED. | Daw Aye Aye War | Air Prot Yeik Thar (1st) Street, No. (16/E) Saw Bwar Gyi Gone Quarter, Insein Township, Yangon | 12/TATANA(N)237615 |
| | | Daw Htike Htike San | | 12/TATANA(N)253248 |
| ၂၃ | CHERRY POWER COMPANY LIMITED. | U Aung Thein | Ngu War Street, No. (97), Htar Nar Quarter, Ahlone Township, Yangon | 12/AHLANA(N)037487 |
| | | Daw Soe Soe Khine | | 12/AHLANA(N)028721 |
| ၂၄ | CHINA INTERNATIONAL FORESTRY GROUP CORP LTD | U Chit Ko Ko | Room 2, Building E, 21 ST Floor, Pearl Condo, Bahan Township, Yangon | 7/WAMANA(N)144672 |
| ၂၅ | CHIT LINN MYAING TOYOTA COMAPNY LIMITED. | U Htike Maung | Bogyoke Street, No (47), (9) Quarter, HPAAN Township, Kayin State | 3/BAAHNA(N)188030 |
| | | Daw Nan Hnin Nandar Aye | | 3/BAABNA(N)323011 |
| | | U San Myint | | 3/LABANA(N)069004 |
| | | U Saw Chit Chit | | 3/BAAHNA(N)323010 |
| | | U Saw Htoo EH Moo | | 3/LABANA(N)113146 |
| | | U Saw Minn Minn Oo | | 3/BAAHNA(N)259667 |
| ၂၆ | CHIT THAE TONE FAMILY COMPANY LIMITED. | Daw Khaing May Mi Naing | (105), Shwe Naung Bin Street, Mine Yu Village, Muse Township, Shan State | 13/KAMANA(N)133348 |
| | | Daw May Thu | | 13/KAMANA(N)092143 |
| | | U Nyi Nyi Naing | | 13/KAMANA(N)082659 |
| | | U Soe Nyi Zin | | 13/KAMANA(N)120398 |
| ၂၇ | CLAYCRETE MYANMAR COMPANY LIMITED. | Mr. Kim Won Chul | Zarga (22) Street, No(622/A), (3) Floor, (4) Quarter, South Okkalapa Township, Yangon | M23816058 |
| | | U Ye Lin Ko Ko | | 14/HATHATA(N)043067 |
| | | Mr. Yoon Kilro | | M84021361 |
| ၂၈ | COCOGUY INTERNATIONAL COMPANY LIMITED. | Mr. Ho Kwong Kee | Mingalar Street, No. 707, 12 Wards, South Okkalapa Township, Yangon | K02006540 |
| | | Mr. Ho Cheuk Yan | | KJ0133200 |
| | | Mr. Ho Ka Wing | | KJ0275900 |
| ၂၉ | DA QIAN WOODS PRODUCTION COMPANY LIMITED. | U Yan Naing | No. 19/B, O.S.S. Tu Myaung Ywar Ma, Tu Myaung Village Group, Ye Township, Mon State | 13/TAYANA(N)057846 |
| | | Mr. Zheng Yongqiang | | E24470787 |
| ၃၀ | DANA SUYAR COMPANY LIMITED. | U Hla Win | No.97, Padauk (2) Street, (1) Ward, Hlaingtharyar Township, Yangon | 7/MALANA(N)090651 |
| ၃၁ | DAWNA ALIN COMPANY LIMITED. | U Saw Thike Tun Aung | Tatanku Quint, ASIA Highway, No(145), Kawkareik Township, Kayin State | 3/MAWATA(N)056189 |
| | | U Aung Thura Min | Room (002), Building No (3), Ground Floor, Mahar Bandula Housing, South Dagon Township, Yangon | 10/THAHTANA(N)158459 |
| ၃၂ | DE'' LUXURY PAINT IMPORT EXPORT COMPANY LIMITED. | Mr. An Kimkong | Hnin Si Street, No. (87), Thuwana VIP(3), Thingangyun Township, Yangon | N00461644 |
| ၃၃ | DECEMBER MOE COMPANY LIMITED. | Daw Win Pa Pa Kyaw | Sal Myaung Kyaung Street, Oak Thar Myothit Ward, Bago Township, Bago | 1/MANYANA(N)155514 |
| | | U Aung Kyaw Moe | | 9/MAHTALA(N)221936 |
| ၃၄ | DRAGON KIND INTERNATIONAL TRADING COMPANY LIMITED. | Daw Chin Zar Chi Kyaw | Thant Sin Street, 21 A, Aung Thu Kha Ward, Thanlyin Township, Yangon | 13/KALANA(N)094371 |
| ၃၅ | ENVIRO A ONE INDUSTRIAL COMPANY LIMITED. | Mr. Mohamad Ismail Bin Ibrahim | 4 Than Chet Wun U My Road, East Dagon Industrial Zone, East Dagon Township, Yangon | E5607125A |
| | | Mr. Sim Kwang Wee | | E6767093L |
| | | Mr. Soh Chin Lian | | E4731040E |
| | | Mrs. Eliza Yukiko Wong | | E4648061K |
| | | Mrs. Liu Young Qing, Renee @ Thida | | E5449339F |
| ၃၆ | EU-TREND INTERNATIONAL COMPANY LIMITED | Daw Nant Mee Nge | No. 206/207, Kanaung Min Thar Gyi Street, Shwe Pauk Kan Industrial Zone, North Okkalapa Township, Yangon | 14/MAMANA(N)292279 |
| | | Daw Nyein Su Thwe | | 12/TAGAKA(N)192552 |
| ၃၇ | EVER RICH MOUNTAIN CO.,LTD. | Daw Ni Ni Win | Kabaraye Pagoda Road, No. 22C, Bahan Township, Yangon | 14/BAKALA(N)185122 |
| ၃၈ | FARMER ROAST (MYANMAR) CO., LTD | Daw Cho Mar Aung | Chaung Saut Myaing-Ywarngan Township, Shan State | 13/NGAYANA(N)103255 |
| | | U Shwe | Seik Ta Thu Kha Street, No.(8), (7) Quarter, Hlaing Township, Yangon | 13/NGAYANA(N)034106 |
| ၃၉ | FAST PACES COMPANY LIMITED. | Daw Wint Thandar Moe | No.(797), Thirizayar Street, (5)Quarter, Hlaing Tharyar Township, Yangon | 12/AHSANA(N)214826 |
| | | U Yel Zar Htike | | 14/AHGAPA(N)171635 |
| ၄၀ | FATEMA TRADING COMPANY LIMITED. | U Mohammed Raffi | No.(307), (7) Floor, 41 & 42 Maharbandula Street, Botahtaung Township, Yangon | KTDA-009106 |
| | | Daw Aisha Bi | | 12/KATATA(N)020854 |
| ၄၁ | FUKUYAMA COMPANY LIMITED. | U Kyaw Win Tun | No.(111), Layhtaungkan Road, Tamwe Lay Quarter, Tamwe Township, Yangon | 12/TAMANA(N)003254 |
| | | Daw Kyawt K Khaing | | 12/OUKATA(N)161445 |
| ၄၂ | FULLTEX COMPANY LIMITED. | Mr. Lam Lap Tin | Hpa-An, Hlaing Bwe Road, Plot No. (4, 5,27,40), Block No. (1098/KA), Hpa-An Industrial Zone(1), Hpa-An Township, Kayin State | HJ2092685 |
| | | Mr. Shiu Chi Fai | | KO4543278 |
| | | Mrs. Yick Lai Sing Annie | | KO3215056 |
| | | Daw Tin Oo Hlaing | | 7/PATATA(N)053427 |
| ၄၃ | GALAXY-7 TRADING COMPANY LIMITED. | Daw Ei Zar Phyo | U Phay Thin Street, No.8, (KHA) Ward, Thingangyun Township, Yangon | 8/PAKHAKA(N)274476 |
| | | Daw Su Su Mar | | 12/THAGAKA(PYU)003335 |
| | | U Pramod Kumar | | 7/PHAMANA(N)174918 |
| | | U Tin Maung Lwin | | 9/PAMANA(N)014629 |
| | | U Win Aung | | 7/TANGANA(N)092749 |
| ၄၄ | G-COS LIMITED. | Daw Moe Moe Myint | Shwe Hinthar 1ST Street, No. (1343/A), (20) Ward, Dagon Myothit (South) Township, Yangon | 12/MAGATA(N)094025 |
| | | U Ko Ko Aung | | 12/DAGAYA(PYU)000491 |

(ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ အိုမီခရွန် ဗီဇမျိုးကွဲသစ်ကို သတိထား၍ စောင့်ကြည့်ခြင်း

ကိုရင်မောင်

"ကျန်းမာရေးဝန်ကြီးဌာနက ၁၁-၅-၂၀၂၅ ရက်နေ့ ည ၈ နာရီမှ ၁၈-၅-၂၀၂၅ ရက်နေ့ ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ခါတ်ခွဲနမူနာစုစုပေါင်း ၂၄၆၁ ခုကိုစစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦးတွေ့ရှိ" ဆိုတဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ အသိပေးထုတ်ပြန်ချက်ကို မေလ ၁၉ ရက်နေ့ ည ၈ နာရီမှာ ကြားသိလိုက်ရပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး နှစ်နှစ်ကျော်ကာလမှာ ပထမဆုံးပြန်လည်ကြားသိလိုက်ရတဲ့ ကျန်းမာရေး အချက်ပေးခေါင်းလောင်းထိုးသံ ဖြစ်ပါတယ်။




### အသိပေးထုတ်ပြန်

နောက်ထပ် မေလ ၂၆ ရက်နေ့ ည ၈ နာရီမှာ "မေ ၁၈ ရက် ည ၈ နာရီမှ မေ ၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၇၅၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိ" ဆိုတဲ့သတင်းကို ထပ်မံကြားသိရပြန်ပါတယ်။ နောက်ထပ် ရက်သတ္တတစ်ပတ်ကျော်အကြာမှာ "မေ ၂၅ ရက်မှ ဇွန် ၁ ရက်အထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၇၇၈ ဦးကို စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ" ဆိုတဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အသိပေးထုတ်ပြန်ချက်သတင်းကို ဆက်လက်ကြားသိရပြန်ပါတယ်။

ဒါ့အပြင် "ဇွန် ၈ ရက် ည ၈ နာရီမှ ဇွန် ၁၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၂၈၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ အတည်ပြုလူနာသစ် ၅၂ ဦးတွေ့ရှိ" ဆိုတဲ့ ဖော်ပြပါသတင်းတွေအရ မေလ ၁၁ ရက်နေ့မှ ဇွန်လ ၈ ရက်နေ့အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် စုစုပေါင်း ၁၀၀ ကျော် တွေ့ရှိခဲ့ပြီဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ တစ်ကျော့ပြန်လာတယ်လို့ဆိုနိုင်ပေမယ့် လတ်တလောမှာ မြန်မာနိုင်ငံမှာဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါဟာ မျိုးရိုးဗီဇအသစ်နဲ့ ထပ်မံဖြစ်လာတဲ့ စိုးရိမ်စရာမရှိနိုင်ဆိုတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပါတယ်။ ဒီရောဂါမျိုးဆက်သစ်ဟာ ရောဂါကူးစက်ဖြစ်ပွားမှုနဲ့ သေဆုံးမှုမှာ စိုးရိမ်ဖွယ်ရာမရှိပေမယ့် ပတ်ဝန်းကျင်နိုင်ငံတွေမှာ ကူးစက်ဖြစ်ပွားနှုန်းမြင့်မားပြီး သေဆုံးသူရှိတဲ့အတွက် ဂရုစိုက်ဖို့လိုပါတယ်။

### သတိမူလိုက်နာ

လက်ရှိကာလဟာ ရာသီအကူးအပြောင်းကာလဖြစ်လို့ ဒီကာလမှာဖြစ်ပွားတတ်တဲ့ ရာသီတုပ်ကွေးရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါစတဲ့ ကူးစက်တတ်တဲ့ ရောဂါတွေ ဖြစ်ပွားနေတဲ့အချိန်မှာ ကိုဗစ်-၁၉ ရောဂါဟာ ပထမရက်သတ္တပတ်မှာ ကူးစက်မှုသုည ဒသမ ဂ၄ ရာခိုင်နှုန်း၊ ဒုတိယရက်သတ္တပတ်မှာ သုည ဒသမ ၂ ရာခိုင်နှုန်း၊ တတိယရက်သတ္တပတ်မှာ ကူးစက်မှု သုည ဒသမ ၉၆ ရာခိုင်နှုန်း၊ စတုတ္ထရက်သတ္တပတ်မှာ ကူးစက်မှု ၁ ဒသမ ၄၄ ရာခိုင်နှုန်းနဲ့ ရာခိုင်နှုန်းတွေ တဖြည်းဖြည်းတိုးလာတာဟာ စိုးရိမ်စရာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက အသိပေးထုတ်ပြန်ချက်တွေ၊ ဆောင်ရန်/ရှောင်ရန်အချက်တွေ ထုတ်ပြန်ပေးနေတာကို ပြည်သူတွေအနေနဲ့ သတိမူလိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက မိမိကိုယ်တိုင်၊ မိမိမိသားစု၊ မိမိမိတ်ဆွေအသိုင်းအဝိုင်းတွေကြားမှာ ကိုယ်လက်မအီမသာဖြစ်တာ၊ ကိုက်ခဲတာ၊ ဖျားနာတာ၊ ဝမ်းပျက်ဝမ်းလျှောဖြစ်တာတွေ တစ်ယောက်ပြီးတစ်ယောက် ဖြစ်ခဲ့ကြတဲ့အချိန်မှာ ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်ဗီဇမျိုးကွဲသစ်ရောဂါကူးစက်မှုဟာ မြန်မာတို့ရဲ့ပတ်ဝန်းကျင်မှာ ဖြစ်နေပြီဆိုတဲ့ သတင်းတွေနဲ့အတူ လတ်တလောကျန်းမာရေးပြဿနာတွေမှာ အိုမီခရွန်လား၊ တုပ်ကွေးလား၊ ဘာလား၊ ညာလာ မဝေခွဲတတ်အောင်ဖြစ်ခဲ့ကြတာ အမှန်ပါ။ ဖြစ်နေတဲ့ရောဂါကို နီးစပ်ရာဆေးခန်းတွေမှာပြသကြတော့ ဆေးခန်းဆရာဝန်က ဖြစ်တဲ့ရောဂါကို ပျောက်ကင်းအောင်ကုသပေးပြီး အိုမီခရွန်ရောဂါဟာ ပတ်ဝန်းကျင်မှာဖြစ်နေပေမယ့် စိုးရိမ်စရာမရှိပါဘူးလို့ပြောတဲ့အတွက် စိတ်သက်သာရာရကြပါတယ်။

### ကိုဗစ်နဲ့အတူယှဉ်တွဲ

ဒါပေမယ့်လည်း ကျွန်တော်တို့ လူ့အသိုင်းအဝိုင်းမှာ ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်ဗီဇမျိုးကွဲသစ် ကူးစက်ဖြစ်ပေါ်နေတယ်ဆိုတာကို ကျန်းမာရေးဝန်ကြီးဌာနက တရားဝင် အသိပေးထုတ်ပြန်ထားတာဖြစ်လို့ သတိပြုလိုက်နာ ဆောင်ရွက်ကြရပါမယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်လို့ စိုးရိမ်စရာမရှိသည်ဖြစ်စေ၊ ရှိသည်ဖြစ်စေ ကူးစက်မှုမဖြစ်အောင် ကြိုတင်ကာကွယ်ကြရမှာ ဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါဟာ ဘယ်သောအခါမှ ပျောက်ကွယ်သွားဖွယ်မရှိဘဲ ကမ္ဘာသူ ကမ္ဘာသားတွေအနေနဲ့ HIV ဗိုင်းရပ်စ်နဲ့ ဆက်လက်နေထိုင်နေရသလို ကိုရိုနာဗိုင်းရပ်စ်နဲ့နေထိုင်ဖို့ သင်ယူရတော့မှာဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ၂၀၂၀ ပြည့်နှစ် မေလ ၁၄ ရက်နေ့ သတိပေးစကားကို သတိပြုမိပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှာ သတ်မှတ်ကြေညာခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေနဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်လို့ နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားတာကို ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့မှာ ပြန်လည်ရုပ်သိမ်းခဲ့ပေမယ့်လည်း ကမ္ဘာအနှံ့မှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုဟာ အသွင်ပြောင်းမျိုးရိုးဗီဇကွဲအနေနဲ့ ဆက်လက်တည်ရှိနေဆဲပင်ဖြစ်လို့ ကိုဗစ်နဲ့အတူ ယှဉ်တွဲနေထိုင်ရေး ယဉ်ကျေးမှုကို မိမိတို့အားလုံး တည်ဆောက်ကြရတော့မှာ ဖြစ်ပါတယ်။

### ဖြစ်ပွားမှုပြန်လည်မြင့်တက်

မြန်မာနိုင်ငံမှာ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်လမ်းညွှန်ပံ့ပိုးမှု၊ တာဝန်သိ ကျန်းမာရေးဝန်ထမ်းတွေ၊ နီးနွယ်ဝန်ကြီးဌာနတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ ပြည်သူတွေရဲ့ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေကြောင့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအပါအဝင် ပြင်းထန်တဲ့ ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွေကို အချိန်တိုအတွင်း ကာကွယ်ထိန်းချုပ်နိုင်ခဲ့တာဟာ သမိုင်းတွင်မှတ်တမ်းတင်ရမယ့် ဖြစ်စဉ်တစ်ခုအဖြစ် မြန်မာနိုင်ငံမှာ ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီလိုထိရောက်စွာ ကာကွယ်ထိန်းချုပ်ဆောင်ရွက်နိုင်တာကြောင့် ၁၃-၅-၂၀၂၃ ရက်နေ့မှာ ကိုဗစ်-၁၉ ရောဂါနဲ့ သေဆုံးသူကို နောက်ဆုံးတွေ့ရှိခဲ့ရပြီး ကိုဗစ်နဲ့ ထပ်မံသေဆုံးသူမရှိတော့တာ နှစ်နှစ်ကျော်ကြာသည့်တိုင် ရှိပြီဖြစ်ပါတယ်။

လတ်တလောမှာ ကမ္ဘာ့မီဒီယာတွေနဲ့ သက်ဆိုင်ရာနိုင်ငံတွေရဲ့ ကျန်းမာရေးဝန်ကြီးဌာနတွေရဲ့ ထုတ်ပြန်ချက်တွေအရ ထိုင်း၊ စင်ကာပူ၊ တရုတ်(ဟောင်ကောင်)နဲ့ တရုတ်နိုင်ငံ စတဲ့ ဒေသတွင်းနိုင်ငံအချို့မှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာတာကို တွေ့ရှိရပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မေလ ၁၇ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၁၀၆၄၈၁ ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူ ၂၆ ဦးရှိကြောင်း ကြားသိလိုက်ရပါတယ်။ ယခုနှစ်အတွင်း ထိုင်းနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အမြင့်မားဆုံးကာလဟာ မေလ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့အတွင်းဖြစ်ပြီး ရောဂါဖြစ်ပွားသူ လူနာသစ် ၃၃၀၃၀ ရှိပြီး ဆေးရုံတက်သူ ၁၉၁၈ ဦးနဲ့ သေဆုံးသူ နှစ်ဦးရှိကြောင်း သိရပါတယ်။

### ကူးစက်နှုန်းမြင့်မား

ရှေ့ရက်သတ္တပတ်တွေမှာလည်း ရောဂါဖြစ်ပွားသူ လူနာသစ်တွေ၊ ဆေးရုံတက်ရောက်သူတွေနဲ့ သေဆုံးသူတွေရှိကြောင်း သိရပါတယ်။ ရောဂါကူးစက်မှု

*စာမျက်နှာ ၁၁ သို့*

**✻ လတ်တလောမှာ ကမ္ဘာ့မီဒီယာတွေနဲ့ သက်ဆိုင်ရာ နိုင်ငံတွေရဲ့ ကျန်းမာရေးဝန်ကြီးဌာနတွေရဲ့ ထုတ်ပြန်ချက်တွေအရ ထိုင်း၊ စင်ကာပူ၊ တရုတ်(ဟောင်ကောင်)နဲ့ တရုတ်နိုင်ငံ စတဲ့ ဒေသတွင်း နိုင်ငံအချို့မှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာတာကို တွေ့ရှိရပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မေလ ၁၇ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ ၁၀၆၄၈၁ ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူ ၂၆ ဦး ရှိကြောင်း ကြားသိလိုက်ရပါတယ်**

## မင်းဘူး(စကု)မြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**မင်းဘူး ဇွန် ၃၀**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ရေပုတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို ရေပုတ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသားကျောင်းသူများက **"အလှဆုံးပန်းများ ပွင့်ကြပြီ"** တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က အမှာစကားပြောကြားသည်။



ဆက်လက်၍ ပွဲတော်အတွင်း ထည့်သွင်းကျင်းပသော အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် အဆိုပါပွဲတော်၌ အထူးအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းကျင်းပခဲ့ပသော **အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်း (Never Stop Learning Talk Show)** တွင် စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင် ရေးသားသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို ဖော်ကျူးသည့် **"သူ့ကျွန်မခံပြီ"** စာအုပ်ကို ပါဝင်ဆွေးနွေးခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ကာယစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် စကားပုံဆက်၊ အရုပ်ဆက်၊ ခါးကွင်းလှည့်၊ အရုပ်ကွင်းစွပ်၊ ဆန်ကောရွက် စသည့် ကစားနည်းပြိုင်ပွဲမျိုးစုံကျင်းပနေမှု၊ အေးချမ်းပျော်ရွှင်စွာ ယှဉ်ပြိုင်နေမှုများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် သုတကမ္ဘာ ကျောင်းစာကြည့်တိုက်တို့ကို ကြည့်ရှုအားပေးသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်များကို တိုင်းဒေသကြီး အတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် ၃၂ ကြိမ်အထိ ကျင်းပသွားမည်ဖြစ်ရာ ယနေ့အထိ မင်းဘူးခရိုင်၌ နှစ်ကြိမ်၊ မကွေးခရိုင်၌ တစ်ကြိမ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## သထုံမြို့၌ ခရိုင်အဆင့် အမျိုးသမီးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**သထုံ ဇွန် ၃၀**

မွန်ပြည်နယ် သထုံခရိုင်အဆင့် အမျိုးသမီးကော်မတီ၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၇ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်အမျိုးသမီးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးက လူမှုဝန်ထမ်းဦးစီးဌာန၏ အမျိုးသမီး အခွင့်အရေးများနှင့် ပတ်သက်သည့် ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ခရိုင်အတွင်း အမျိုးသမီးကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးရာ ခရိုင်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က လိုအပ်သည်တို့ကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အမျိုးသမီးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်လူမှုဝန်ထမ်းရုံးမှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရပ်စောက်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရပ်စောက် ဇွန် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့အတွက် ၂၀၂၅ ခုနှစ် (ဒုတိယအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့က ရပ်စောက်-ပင်းတယသွားလမ်းတောင်ဘက်၊ မြို့အဝင်ဆိုင်းဘုတ်အနီး အင်းခေါင်းကန် ရေဝေရေလဲဧရိယာအတွင်း၌ ကျင်းပသည်။

ဦးစွာ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦးက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအတွက် အမှာစကားပြောကြားပြီး စိုက်ပျိုးမည့် သစ်ပင်များကို ဗထူးတပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများထံသို့ ပေးအပ်သည်။ ထို့နောက် ဗထူးတပ်နယ်မှူးနှင့် တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများအလိုက် ပိတောက် ၅၇၀၊ မျောက်ငို ၆၄၇ ပင်၊ ခါတော်မီ ၅၀၀၊ ထင်းရှူး ၅၈၀၊ ယမနေ ၄၉၈ ပင်၊ စိန်ပန်းနီ ၆၁၂ ပင်၊ မဟော်ဂနီ ၅၉၃ ပင် စသည့်သစ်အမျိုးအစားခုနစ်မျိုး အပင်စုစုပေါင်း ၄၀၀၀ ကို စိုက်ပျိုးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်ဥက္ကလာပမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က တောင်ဥက္ကလာပမြို့နယ် အထက(၂) သီရိမြန်မာခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲအတွင် တောင်ဥက္ကလာပမြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးအောင်မြတ်မိုးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်အေးသဇင်ဟန်နှင့် ဦးစီးအရာရှိ ဒေါ်စန္ဒာအောင်တို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၁၃၀ ကျော် တက်ရောက်ကြောင်း သိရသည်။



**ခင်ဆွေနှင်း(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

မြင့်မားရခြင်းအကြောင်းရင်းဟာ ထိုင်းနိုင်ငံမှာ မိုးရာသီကာလစတင်ခြင်း၊ ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ခြင်းနဲ့ သင်္ကြန်ပွဲတော်လို လူစုလူဝေးနဲ့ ခရီးသွားလာတာတွေ များပြားခဲ့တဲ့အကြောင်းတွေကြောင့်လို့ သိရပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်လို့ သင်ခန်းစာယူ သတိပြုရမှာဖြစ်ပါတယ်။ အဓိက ကူးစက်ပျံ့နှံ့တဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးကွဲဟာ ကူးစက်လွယ်အိုမီခရွန်အုပ်စုမှ ဆက်လက်မျိုးရိုးဗီဇပြောင်းလဲလာတဲ့ JN.1 အုပ်စု၊ ထိုမှဆက်၍ မျိုးရိုးဗီဇပြောင်းလာတဲ့ XEC မျိုးကွဲ အများစုဖြစ်ကြောင်း သိရပါတယ်။ ဗန်ကောက်၊ ချွန်ဘူရီနဲ့ ရယောင်းစတဲ့ နေရာတွေမှာ ကူးစက်မှုနှုန်းမြင့်မားပြီး ကလေးတွေမှာ ကူးစက်နှုန်းမြင့်မားတယ်လို့ သိရပါတယ်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုဟာ မျိုးဟောင်းအနေနဲ့ရော မျိုးသစ်အနေနဲ့ပါ ကမ္ဘာအနှံ့ ခြေဆန့်ခဲ့တာမှာ ယခုအခါ အချိန်ကာလအားဖြင့် ငါးနှစ်နဲ့ သုံးလကျော်ခဲ့ပြီ ဖြစ်ပါတယ်။ အိုမီခရွန် မျိုးကွဲသစ် (XEC) ဟာ ရောဂါပြင်းထန်မှုနည်းပါးသော်လည်း ကူးစက်မှုနှုန်းမြန်ဆန်တဲ့အတွက် သတိထားစောင့်ကြည့် ကာကွယ်ထားဖို့ လိုပါတယ်။ XEC မျိုးကွဲရဲ့ အဓိကလက္ခဏာတွေထဲက တစ်ခုဟာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာဖြစ်ပါတယ်။ အဆက်မပြတ် ချောင်းဆိုးတာဟာ ကိုဗစ် XEC အမျိုးအစားရဲ့ နောက်ထပ်ထင်ရှားတဲ့ လက္ခဏာဖြစ်ပါတယ်။ လူနာတွေဟာ မကြာခဏ ချမ်းတုန်ခြင်းနဲ့ ချွေးထွက်ခြင်းတို့နဲ့အတူ အဖျားကြီးခြင်းကို ခံစားရနိုင်ပါတယ်။ ခန္ဓာကိုယ်အပူချိန်ကို ပုံမှန်စောင့်ကြည့်ခြင်းဟာ ဗိုင်းရပ်စ်ကို စောစီးစွာ သိရှိနိုင်စေဖို့ ကူညီပေးနိုင်ပါတယ်။

**ဆေးဝါးကုသမှုခံယူ**

ကိုဗစ် XEC မျိုးကွဲဟာ အဆုတ်အတွင်း လေအိတ်တွေကို ရောင်ရမ်းစေတဲ့၊ ရောဂါပိုးကူးစက်မှုမြင့်မားတဲ့ အဆုတ်ရောင်ရောဂါဖြစ်ပွားမှုနဲ့ ဆက်စပ်နေပါတယ်။ လူနာဟာ ချောင်းဆိုးခြင်းလို လက္ခဏာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ အဖျား ရောဂါချမ်းတုန်ခြင်း၊ အသက်ရှူရခက်ခဲခြင်း အဆုတ်ရောင်နာ XEC မျိုးကွဲကြောင့် ဖြစ်ပေါ်လာတဲ့ အထူးသဖြင့် ပြင်းထန်နိုင်ပြီး ဆေးရုံတက်ကုသဖို့နဲ့ အလေးထားတဲ့ကုသမှုတွေ လိုအပ်ပါတယ်။ နာမကျန်းမှုရဲ့ ပြင်းထန်တဲ့အဆင့်မှ ပြန်လည်ကောင်းမွန်လာပြီးနောက်မှာ ကိုဗစ် XEC မျိုးကွဲ ကူးစက်ခံထားရတဲ့လူနာတွေဟာ ရေရှည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ၎င်းတို့မှာ နာတာရှည် ချောင်းဆိုးခြင်း၊ အဆုတ်လုပ်ဆောင်ချက်လျော့ကျခြင်းနဲ့ အသက်ရှူကျပ်ခြင်းတို့ ပါဝင်ပါတယ်။ ဒီလိုဖြစ်လာရင် ဆေးဝါးကုသမှုဆက်လက်ခံယူဖို့ လိုအပ်ပါတယ်။

ကိုဗစ် XEC မျိုးကွဲကူးစက်ခံထားရရင် အသက်အန္တရာယ်မထိခိုက်ပေမယ့် ခံစားရတဲ့ ဝေဒနာတွေဟာ မနည်းပါဘူး။ အလုပ်ပျက် အကိုင်ပျက်နဲ့ ဆေးဝါးကုသနေရတဲ့ ရောဂါဝေဒနာရှင်တစ်ယောက်ဖြစ်မှာ သေချာပါတယ်။ ဒါ့ကြောင့် ကိုဗစ်-၁၉ XEC မျိုးကွဲကူးစက်မခံရအောင် ကာကွယ်ကြဖို့လိုပါတယ်။ ကလေးသူငယ်တွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ရောဂါအခံရှိတဲ့ သက်ကြီးပိုင်းတွေအနေနဲ့ ရောဂါကူးစက်ခံရရင် အသက်အန္တရာယ်ဖြစ်နိုင်တဲ့အထိ အခြေအနေဆိုးနိုင်တဲ့အတွက်ကြောင့် နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလာရင် နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံကို သတင်းပို့ဖို့နဲ့ ဆေးကုသမှုခံယူကြဖို့လိုအပ်ပါတယ်။ ပြည်သူတွေအနေနဲ့ မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးကို ကာကွယ်နိုင်ဖို့ ကာကွယ်ဆေးထိုးနှံပေးတဲ့အခါမှာလည်း မပျက်မကွက်ထိုးနှံကြဖို့ တိုက်တွန်းအပ်ပါတယ်။ ။

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၃၀

**မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ မေတ္တာကန်နှင့် ဆွမ်းဦးပုညရှင် စေတီတော်တို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး စေတီတော်လုံးပတ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ ရင်ပြင်တော် တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော်နှင့် မေတ္တာကန်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာအား ပြင်ဆင်ဆောင်ရွက်နေမှုများ၊ မျိုးရင်ရင်သီလရှင် စာသင်တိုက်၊ ရွှေစေတီဘာသန္တရ သင်တန်းကျောင်း၊ လေးကျွန်းမြေအုဋ္ဌ်ကျောင်း ပရိယတ္တိစာသင်တိုက်၊ ရွှေမုဋ္ဌောစေတီနှင့် ရွှေဘုန်းပွင့်ရွှေဘုန်းမြင့်စေတီများသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိက အဆောက်အအုံ အပျက်အစီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် မေတ္တာကန်ရှိ အပျက်အစီးများရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက် မြင်းဝန်မင်းကြီး ကျောင်းတိုက်ရှိ အလယ်တိုက်ကျောင်း၊ ရွှေကျောင်း၊ တတိုက်လုံးကျောင်း၊ ဥယျာဉ်ကျောင်းများ၌ အပျက်အစီးများ ရှင်းလင်းနေမှုကို ကြည့်ရှုစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများဖြစ်သည့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေဝန်းအရှေ့ရပ်ကွက်ရှိ ရတနာပုံသာဆုတောင်းရ(ဦးပေစိ)ဘုရားရှိ အပျက်အစီးများအား တပ်မတော်သားများနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုများနှင့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်ရှိ မြင်းဝန်မင်းကြီးကျောင်းတိုက်ရှိ အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးမှ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုနှင့် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင်တိုက်တန်းရှိ ဝန်ထမ်းလိုင်းခန်း အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးပြီးစီး ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


## မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်


**နေပြည်တော် ဇွန် ၃၀**

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းရိုးတန်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**







## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများ၏ ဝင်ငွေကြေညာလွှာပေးအပ်ပွဲကျင်းပ

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေကြေညာလွှာပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက်ပိုင်းက မန္တလေးမြို့ Oriental House ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အခွန်ဦးစီးဌာနရုံးများမှ တာဝန်ရှိသူများ၊ သမဝါယမအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝင်ငွေကြေညာလွှာများ ပေးအပ်သည်။

မန္တလေးတိုင်းဒေသကြီး မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ၂၈ ရုံးရှိ သမဝါယမအသင်းအရေအတွက် ၁၈၁ သင်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန် (ကြိုတင်) စုစုပေါင်းငွေကျပ် ၇၄၀၀၀၀၀ နှင့် ကုန်သွယ်လုပ်ငန်းခွန် (ကြိုတင်) စုစုပေါင်းငွေကျပ် ၁၉၆၄၈၁၀ ပေးသွင်းခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# တိုက်ပွဲဖြစ်ပွားမှုများကြောင့် စာသင်ကျောင်း ၂၀ ကျော် ပိတ်ထားရသည်ဟု မဟုတ်မမှန်လုပ်ကြံ ရေးသားဝါဒဖြန့်

**နေပြည်တော် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း ဇွန် ၁၈ ရက်က လုံခြုံရေး တပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အငြိမ်းစား ကျောင်းဆရာမကြီးတစ်ဦး သေဆုံးပြီး တိုက်ပွဲဖြစ်ပွားမှုများကြောင့် စာသင်ကျောင်း ၂၀ ကျော်ပိတ်ထားရသည်ဟု တရားမဝင် ပြည်ဖျက် မီဒီယာများက သတင်းတု သတင်းမှားများ မဟုတ်မမှန် လုပ်ကြံစွပ်စွဲ ရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်ကိုစိစစ်ရာ မင်းလှမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် များက ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ ခဲ့မှုမရှိကြောင်း သိရသည်။

ထို့ပြင် မင်းလှမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း ၁၂ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၃၆ ကျောင်း၊ အခြေခံ ပညာမူလတန်းကျောင်း ၁၀၇ ကျောင်း စုစုပေါင်း ၁၅၅ ကျောင်းရှိသည့် အနက် အခြေခံပညာ မူလတန်းကျောင်း (ဆားချောင်းလေး) နှင့် အခြေခံ ပညာမူလတန်းကျောင်းခွဲ (ကျွန်းကုန်း) တို့ကိုသာ ပိတ်ထားပြီး ကျန်အခြေခံပညာစာသင်ကျောင်း ၁၅၃ ကျောင်းကို ပုံမှန်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အခြေခံပညာ မူလတန်းကျောင်း (ဆားချောင်းလေး) သည် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၆ ရက်မှစ၍ လုံခြုံရေး အခြေအနေ ပိတ်ထားခြင်းဖြစ်ပြီး အခြေခံပညာမူလတန်းကျောင်းခွဲ (ကျွန်းကုန်း) တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများမရှိသည့်အတွက် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းဖွင့်လှစ်ခြင်းမရှိဘဲ ပိတ်ထားခြင်းသာဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ တရားမဝင်ပြည်ဖျက်မီဒီယာများသည် သတင်းတု သတင်းမှားများ မဟုတ်မမှန်လုပ်ကြံရေးသားပြီး နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်မြင်လွဲမှား စေရန် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေး ကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ် နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြား စေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ် ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thelzar Khine” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င) ရပ်ကွက်နေ သဲဇာခိုင်အား နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ရွှေပေါက်ကံနယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ကျောက်ဖြူမှ*

ရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူဘလောက်တုံး ၁၀၀၊ စုစုပေါင်း အလေးချိန် ၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀၀၀ နှင့် ကက်တမင်း ၁ ဒသမ ၁ ကီလိုတို့ကို ဖမ်းဆီး ရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား ဆီဆိုင်မြို့နယ်မှ တပ်ကုန်းမြို့နယ်သို့ သယ်ဆောင်လာခြင်းဖြစ် ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန် သူများအား ဆက်လက်ဖော်ထုတ်လျက် ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်း ရရှိသည်။

**သတင်းစဉ်**

❍ *ကျောက်ဖြူမှ*

အဆိုပါ ပစ်ခတ်တိုက်ခိုက်ခဲ့ မှုဖြစ်စဉ်အတွင်း ဝဲကြီး(တောင်) ကျေးရွာနေသူများ ဖြစ်ကြသည့် မောင်ဖွဲ့ပြည့် (၇) နှစ်၊ ဒေါ်ခင် အေးစု (၅၆) နှစ်နှင့် ဒေါ်သီတာဦး (၃၅) နှစ်တို့ သုံးဦးတွင် ဗုံးသီး ပေါက်ကွဲစ ထိမှန်ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့ပြီး ကိုသော် တာဦး (၂၂) နှစ်၊ ဒေါ်ခင်ရွှေ (၇၀) နှစ်၊ ဦးဆန်းဝင်း (၅၆) နှစ်၊ မောင်မျိုးမင်းဆက် (၂၄) နှစ်၊ မောင်ဉာဏ်လင်းထက် (၂၂) နှစ်၊ မောင်ပြည့်စုံ (၁၈) နှစ်၊ ဦးတင်ဝင်း ထွန်း (၄၄) နှစ်၊ ဦးမျိုးမင်းထွန်း (၃၇) နှစ်၊ မောင်ကောင်းခန့်သော် (၈) နှစ်၊ ဒေါ်စံပယ် (၄၃) နှစ်၊ မောင်ခန့် (ခ) ခန့်ညား (၁၇) နှစ်၊ မောင်ဘုန်းခန့်သော် (၇) လ၊ မောင်ကံထူးဝေ (၈) လ၊ မောင်စု မြတ်သူ (၁၂) နှစ်၊ မစုမြတ်မွန်(၁၀) နှစ်၊ မသွယ်သွယ်စိုး (၈) နှစ်၊ မရွှေဇင်ဦး (၂၆) နှစ်၊ မတွယ်တာ ဦး(၂၀)နှစ်၊ ဒေါ်ဝါဝါမြင့် (၄၉) နှစ်၊ ဒေါ်စုနွေဇင် (၃၈) နှစ်၊ ဒေါ်ဇာ (၃၄) နှစ်၊ ဒေါ်ချို (၆၀) နှစ်၊ ဝဲကြီး (မြောက်) ကျေးရွာနေသူများဖြစ် ကြသည့် ဦးဝင်းညွန့် (၅၆) နှစ်၊ ဒေါ်ခင်ငွေ (၇၃) နှစ်နှင့် ဝဲဒေါင့် ကျေးရွာနေ ဦးနိုင်ထွန်း (၄၆) နှစ် တို့ ၂၅ ဦးတွင် ဗုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာ၊ ကျည်ထိမှန်ဒဏ်ရာ များအသီးသီးရရှိခဲ့၍ သေဆုံး/ ဒဏ်ရာရရှိသူများအား ဖြူးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသပေး ခြင်းများ ဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ် သည့် အပြစ်မဲ့ အရပ်သားပြည်သူ များနေထိုင်ရာ ကျေးရွာသို့ တိုက်ပွဲ များ ဖော်ဆောင်၍ ပစ်ခတ် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင် ရေးနှင့် နယ်မြေဒေသ တည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ် စောင့်ရှောက်လိုသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်း ၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်း များကို တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကိုသော်တာဦး

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ အရပ်သားပြည်သူသုံးဦးသေဆုံး၍ ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ



မောင်ဖွဲ့ပြည့် (သေဆုံး) | ဒေါ်ခင်အေးစု (သေဆုံး) | ဒေါ်သီတာဦး (သေဆုံး)



မစုမြတ်မွန် | ဦးနိုင်ထွန်း | ဒေါ်ခင်ငွေ | ဒေါ်ချို



ဒေါ်စုနွေဇင် | မောင်ဘုန်းခန့်သော် | ဒေါ်ဇာ | ဦးဝင်းညွန့်



မောင်ကောင်းခန့်သော် | မောင်ခန့်(ခ)ခန့်ညား | မောင်ကံထူးဝေ | ဒေါ်ခင်ရွှေ



မရွှေဇင်ဦး | ဒေါ်စံပယ် | မောင်ဉာဏ်လင်းထက် | ဦးမျိုးမင်းထွန်း



မသွယ်သွယ်စိုး | မတွယ်တာဦး | မောင်စုမြတ်သူ | ဦးတင်ဝင်းထွန်း



ဦးဆန်းဝင်း | မောင်မျိုးမင်းဆက် | ဒေါ်ဝါဝါမြင့်နှင့် မောင်ပြည့်စုံ

# ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အကောင်အထည်ဖော်ရန် ထရမ့်က အစ္စရေးနှင့် ဟားမားစ်ကို တိုက်တွန်း



**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရေးနှင့်ပတ်သက်၍ အကောင်အထည်ဖော်လုပ်ဆောင်ရန် အစ္စရေးနှင့် အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်တို့ကို တိုက်တွန်းလိုက်ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်သည် ဂါဇာတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိအောင်လုပ်ဆောင်ရေး၊ ဓားစာခံများ ပြန်လွှတ်ပေးရေးနှင့် ပတ်သက်၍ ဇွန် ၂၉ ရက်က လူမှုကွန်ရက်၌ ရေးသားထားသည်။ သီတင်းတစ်ပတ်အတွင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ဇွန် ၂၇ ရက်တွင် သတင်းထောက်များကို ပြောကြားထားသည်။

မကြာမီကာလအတွင်း ကြားဝင်ညှိနှိုင်းစေ့စပ်ပေးသည့် အီဂျစ်နှင့် ကာတာနိုင်ငံတို့တွင် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ဖွယ်ရှိသည်ဟု ဟားမားစ်သတင်းအရင်းအမြစ်များကို အာရပ်မီဒီယာများက ကိုးကားဖော်ပြထားသည်။ သို့သော်လည်း အစ္စရေးနှင့် ဟားမားစ်အဖွဲ့တို့အကြား အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အစ္စရေးတပ်မတော်သည် ဂါဇာတွင် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ဂါဇာမြောက်ပိုင်းဒေသများတွင် စစ်ရေးလှုပ်ရှားမှုများ အရှိန်မြင့်လာဖွယ်ရှိကြောင်း သိရသည်။ ပဋိပက္ခစတင်ဖြစ်ပွားချိန်မှစ၍ အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၅၆၅၀၀ အသက်သေဆုံးခဲ့ပြီးဖြစ်ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# လာအိုနိုင်ငံ၌ ကျားမ တန်းတူညီမျှမှု မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်လုပ်ဆောင်မည်

**ဗီယင်ကျန်း ဇွန် ၃၀**



လာအိုပညာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များနှင့်ပူးပေါင်းကာ ကျားမတန်းတူညီမျှမှု မြှင့်တင်ရေးစီမံကိန်းတစ်ရပ်ကို စတင်အကောင်အထည်ဖော်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို လွမ်ဖရာဘမ်နှင့် ချမ်ပါဆပ်ခ်ပြည်နယ်တို့တွင် ယခုနှစ် ဇူလိုင်လမှ ၂၀၂၉ ခုနှစ် ဇွန်လအထိ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပညာရေးနှင့် အားကစားဝန်ကြီးဌာနက ဇွန် ၃၀ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ယင်းစီမံကိန်းသည် လာအိုပညာရေးနှင့်အားကစားကဏ္ဍများတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန၏ထားရှိသော ကတိကဝတ်များကို ထင်ဟပ်စေကြောင်း၊ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့်အညီ မူလတန်းနှင့် အလယ်တန်းအဆင့်များတွင် သင်ကြားရေးနှင့် သင်ယူမှုစွမ်းရည်ကို မြှင့်တင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ အကျိုးရှိစေမည့်အပြင် ဆရာ ဆရာမများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး နိုင်ငံတစ်ဝန်းရှိ အခြေခံပညာရေး၏အရည်အသွေးကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

**ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံတစ်ဝန်း မိုးရွာသွန်းမှုကြောင့် သေဆုံးသူပေါင်း ၄၅ ဦးအထိရှိ

**အစ္စလာမ္မာဘတ် ဇွန် ၃၀**

လွန်ခဲ့သောနှစ်ရက်က ပါကစ္စတန်တစ်ဝန်းဖြစ်ပွားခဲ့သော မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် မတော်တဆမှုများကြောင့် ခုနစ်ဦးထပ်မံသေဆုံးမှုနှင့်အတူ ယခုနှစ်မိုးရာသီအတွင်း သေဆုံးသူပေါင်း ၄၅ ဦးအထိရှိလာပြီဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ဇွန် ၂၉ ရက်က ပြောကြားခဲ့သည်။

နိုင်ငံအတွင်းရှိ ပြည်နယ်အားလုံးနီးပါး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒဏ်ရာရရှိသူ ခြောက်ဦးအပါအဝင် စုစုပေါင်း ဒဏ်ရာရရှိသူ ၆၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

လူနေအိမ် ၈၉ လုံးမှာ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးပျက်စီးခဲ့ပြီး တိရစ္ဆာန် ၅၅ ကောင်လည်း သေဆုံးခဲ့သည်ဟု အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောသည်။

မြစ်ချောင်းများနှင့် ဆည်များမှ ရေစီးဆင်းမှုလည်း ပုံမှန်အတိုင်းဖြစ်ပြီး ကယ်ဆယ်ရေးဆောင်ရွက်ချက်များလည်း လုပ်ဆောင်လျက်ရှိသည်။ ဒေသခံလုပ်အားပေးများက ထောက်ပံ့ပစ္စည်းများကို ဖြန့်ဝေပေးလျက်ရှိသည်။ ထို့အပြင် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က မိုးလေဝသသတိပေးချက်များ ထုတ်ပြန်ထားပြီး အဆိုပါထုတ်ပြန်ချက်တွင် လာမည့် ၁၂ နာရီမှ ၂၄ နာရီအတွင်း နိုင်ငံ၏ အဓိကနေရာများတွင် မိုးရွာသွန်းမှုများ နေရာအနှံ့ဖြစ်ပေါ်နိုင်ကြောင်း ဖော်ပြထားသည်။

**ဆင်ဟွာ**

# ဆူဒန်နိုင်ငံ၌ ရွှေတွင်းပြိုကျမှုဖြစ်ပွားသဖြင့် ၁၁ ဦးထက်မနည်း သေဆုံး

## ၂၀၂၄ ခုနှစ်က ရွှေတန်ချိန်စုစုပေါင်း ၆၄ တန်ခန့် ထုတ်လုပ်နိုင်ခဲ့

**ခါတွန် ဇွန် ၃၀**

ဆူဒန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ရွှေတွင်းပြိုကျမှု ဖြစ်ပွားသဖြင့် ၁၁ ဦးထက်မနည်း သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်သတ္တုအရင်းအမြစ်ကုမ္ပဏီက ဇွန် ၂၉ ရက်တွင် ပြောကြားသည်။

အက်ဘာရာနှင့် ဟာယာမြို့တို့အကြား ဟွေအိဒ်ဒေသရှိ ကာရက်ရှ် အယ်-ဖီ သတ္တုတွင်း ပြိုကျမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ကုမ္ပဏီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

၎င်းသတ္တုတွင်းမှာ ဘေးအန္တရာယ် လုံခြုံရေးအတွက် ယခင်က ပိတ်သိမ်းရန် အမိန့်ပေးခဲ့ကြောင်း ယင်းကုမ္ပဏီက ဆက်လက်ပြောကြားသည်။

သတ္တုတွင်းလုပ်သား ၁ ဒသမ ၅ သန်းခန့်သည် ဆူဒန်နိုင်ငံ၏ ရွှေ ၈၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ပြီး ၂၀၂၄ ခုနှစ်က ရွှေတန်ချိန် စုစုပေါင်း ၆၄ တန်ခန့် ထုတ်လုပ်နိုင်ခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**






# ဂျပန်နိုင်ငံ၌ ဇူလိုင်လအတွင်း အစားအစာပစ္စည်းအမျိုးပေါင်း ၂၁၀၅ မျိုးခန့် ဈေးတက်ဖွယ်ရှိ

**တိုကျို ဇွန် ၃၀**

ဂျပန်နိုင်ငံ၌ ဇူလိုင်လအတွင်း အစားအစာပစ္စည်းအမျိုးပေါင်း ၂၁၀၅ မျိုးခန့် ဈေးတက်ဖွယ်ရှိကြောင်း သိရသည်။ လုပ်အား၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းစီမံခန့်ခွဲမှုနှင့် ကုန်ကျစရိတ်များနှင့်အတူ ကုန်ကြမ်းကုန်ကျစရိတ် တစ်ဟုန်ထိုး မြင့်တက်လာမှုတို့ကြောင့် ယင်းသို့ ဈေးတက်ဖွယ်ရှိကြောင်း ပုဂ္ဂလိကသုတေသနကုမ္ပဏီ တဲအိကိုခုဒေတာဘန့်၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၅ ခုနှစ်အတွင်း စားသောက်ကုန်များ ဈေးနှုန်းမြင့်တက်နိုင်ပြီး ဇူလိုင်လအစောပိုင်းအထိ အမျိုးပေါင်း ၂၀၀၀ ကျော်နိုင်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ချောကလက်၊ ခေါက်ဆွဲခြောက်အချဉ်ရည်ဘူးများအပါအဝင် မုန့်အမျိုးအစားများလည်း ဈေးနှုန်းမြင့်တက်ဖွယ်ရှိကြောင်း သိရသည်။ ဈေးနှုန်းမြင့်တက်ရခြင်း၏ အကြောင်းရင်းမှာ ကုန်ကြမ်းစရိတ်မြင့်မားခြင်းနှင့် လုပ်သားစရိတ် မြင့်မားခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**




International Day of Cooperatives
5th July 2025

"Cooperatives Driving Inclusive and Sustainable Solutions for a Better World"

"သမဝါယမနည်းလမ်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကိုတည်ဆောက်ကြပါစို့"

# ဘားအံမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ရှင်းလင်းသရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် နည်းပြဆရာဖြစ်သင်တန်းဖွင့်

**ဘားအံ ဇွန် ၃၀**

ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်း သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် နည်းပြဆရာဖြစ် သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက MEVM စက်ပိုင်းဆိုင်ရာနှင့် မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များက မြန်မာအီလက် ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ် မဲပေးကြကာ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နည်းပြဆရာဖြစ်သင်တန်းကို ဖွင့်လှစ်ပေး ကြသည်။

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နည်းပြဆရာဖြစ်သင်တန်းကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၂ ရက်အထိ ဘားအံမြို့ ဇွဲကပင်ခန်းမ၌ သင်ကြားပို့ချ သွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၃၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အမျိုးသမီးခြောက်ဦးအပေါ် အကြောင်းမဲ့ ရက်ရက်စက်စက် နှိပ်စက်ခဲ့ကြတဲ့ ပခုက္ကူမှ ပြည်သူ့ကာကွယ်ရေးဆိုတဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"သစ္စာရှိလက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ ဝရမ်းပြေးနိုင်ငံမဲ့ NUG၊ CRPH နဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

**(၃၀-၆-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၂-၆-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၉-၆-၂၀၂၅) ရက် နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၃၁၄)ခုအား စစ်ဆေး ပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀ ဒသမ ၆၉)ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ကြည့်မြင်တိုင်မြို့နယ်၌ ဆင်းသုခမျိုးစပါးတိုက်ရိုက်ချကိရိယာဖြင့် စိုက်ပျိုးသရုပ်ပြ

**ရန်ကုန် ဇွန် ၃၀**

ဆင်းသုခမျိုးစပါးကို တိုက်ရိုက်ချကိရိယာဖြင့် စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ပိုင်းက ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ဝါးရုံဆိပ်ကျေးရွာ အနောက်ရပ်ကွက် ကွင်းအမှတ်(၁၅၇) ဦးပိုင်အမှတ် ၅/၃(က)ရှိတောင်သူဦးချစ်အောင် ၏ လယ်မြေလေးဧက၌ သရုပ်ပြကျင်းပသည်။

သရုပ်ပြပွဲတွင်ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းဟန်က တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရာတွင် ကုန်ကျစရိတ် သက်သာခြင်း၊ ကောက်နှုန်းပြည့်မီခြင်း၊ အတန်းလိုက်စိုက်သည့်အတွက် ပင်ပွားကောင်းခြင်း၊ အထွက်နှုန်းကောင်းခြင်း၊ လုပ်အားကုန်ကျမှုသက်သာခြင်းနှင့် အကျိုးဖြစ်ထွန်းမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေက မျိုးစေ့ချကိရိယာ၏ အားသာချက်နည်းပညာများကို ရှင်းလင်းပြောကြား၍ တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

သရုပ်ပြပွဲသို့ အလုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညီညီနှင့် အဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊တောင်သူဦးကြီးများ တက်ရောက်အားပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပခုက္ကူမြို့နယ်၌ ပဲတီစိမ်းသီးနှံများ လှိုင်လှိုင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ရေစကြိုနှင့် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်းသီးနှံကိုလည်း အဓိကထား၍ နှစ်စဉ်စိုက်ပျိုးကြကြောင်း၊ ပဲတီစိမ်းသီးနှံကို မိုးစိုက်နှင့် ဆောင်းစိုက်ဟူ၍ စိုက်ပျိုးလျက်ရှိရာ မိုးပဲတီစိမ်းစိုက်ဧက ၂၀၀၀၀ ခန့် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မိုးပဲတီစိမ်းကို ဖေဖော်ဝါရီလနှင့် မတ်လများတွင် စိုက်ပျိုးကြပြီး ဇွန်လတွင် သီးနှံများထွက်ပေါ်ကြောင်း၊ ပဲတီစိမ်းမြကြေးမုံနှင့် ပဲတီစိမ်းကျောက်စိမ်းမျိုးများဟူ၍ ရှိပြီး ပဲတီစိမ်းကျောက်စိမ်းမျိုးများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် မြေပြုပြင်၍ ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် ပင်ကြား ငါးလက်မ၊ တန်းကြား တစ်ပေအကွာဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့လေးပြည်ခန့် ကုန်ကျကြောင်း၊ မြေပြုပြင်ခ၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၆-၇ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၃-၁၇ တင်းခန့် ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ပြည်တွင်းဈေးကွက်အနေဖြင့် ပခုက္ကူမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ပဲတီစိမ်းသီးနှံများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိရာ ယခုနှစ် ပဲတီစိမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းချိန်တွင် ပိုးမွှားကျရောက်မှု အန္တရာယ်ကင်း၍ အထွက်နှုန်းကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။

DOCA (မကွေး)

# သပြေပန်းပင်စိုက်ပျိုး ဝင်ငွေတိုး

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် သပြေပန်းပင်များကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သပြေပန်းပင်များကို အစိုဓာတ်ကောင်းမွန်သော မိုးရာသီတွင် စိုက်ပျိုးကြ၍ စိုက်ပျိုးပြီး ငါးလခန့်အကြာတွင် ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ သပြေပင်ကိုင်းကူးမျိုးများကို မန္တလေးမြို့မှဝယ်ယူကာ ပေါင်ခတ်၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင်ရေ ၇၀၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ သပြေပန်းများကို ရာသီမရွေး၊ တစ်နှစ်ပတ်လုံးခူးဆွတ်နိုင်ပြီး ဆောင်းရာသီတွင် ပိုးကျတတ်သောကြောင့် အထွက်နှုန်းနည်းပါးကြောင်း၊ မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ရက်လျှင် သပြေပန်း အစီးရေ ၅၀ ခန့်ထွက်ရှိပြီး နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရကြောင်း၊ ဈေးကွက်အနေဖြင့် ဧယျာသီရိဈေးနှင့် မန်းသံပုရာကန်ရေနံချက်စက်ရုံ(PIC) ဈေးများရှိ ပန်းသည်များထံသို့ တင်ပို့ရောင်းချကြပြီး အကျိုးအမြတ်များရရှိကြောင်း၊ သပြေပန်းပင်သည် နှစ်ရှည်ပင်အမျိုးအစားဖြစ်သောကြောင့် စတင်ခူးဆွတ်ချိန်မှစ၍ နေ့စဉ်ပုံမှန်ဝင်ငွေရရှိလျက်ရှိပြီး မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။

DOCA (မကွေး)

# ငှက်ပျောစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ငှက်ပျောသီးများကို စီးပွားဖြစ် အများအပြားစိုက်ပျိုးကြကြောင်း သိရသည်။

ငှက်ပျောမျိုးအနေဖြင့် ဖီးကြမ်းငှက်ပျောမျိုးနှင့် သီးမွှေးငှက်ပျောမျိုးများဖြစ်ပြီး ငှက်ပျောသားတက်များကို ဝယ်ယူစိုက်ပျိုးရကြောင်း၊ ပင်ခြားတန်းခြား ငါးပေခန့် အကွာအဝေးဖြင့် စိုက်ပျိုးရပြီး တစ်ဧကလျှင် ငှက်ပျောသားတက် ၁၃၀၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး တစ်နှစ်ကျော်ခန့်အကြာတွင် ငှက်ပျောခိုင်များကို ခုတ်ယူရောင်းချရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၅ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ဖီးကြမ်းငှက်ပျောအဖီး ၃၈၀၀-၄၀၀၀ ခန့် ထွက်ရှိကြောင်း ဈေးကွက်အနေဖြင့် ပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ပခုက္ကူမြို့ မြို့မစည်ပင်သာယာဈေး၊ အမှတ်-၂ ဈေးနှင့် မြစ်ခြေ၊ ကမ္မမြို့နယ်များသို့ တင်ပို့ရောင်းချကြပြီး ငှက်ပျောစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိလျက်ရှိကြောင်း သိရသည်။

DOCA (မကွေး)



# အထက်မင်းလှမြို့၌ သလဲသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပန်းတော်ပြင်ကျေးရွာ၌ သလဲသီးကို အိမ်ခြံမြေများနှင့် ဥယျာဉ်ခြံမြေများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသည့်အပြင် စီးပွားဖြစ်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

သလဲသီးကို အစိုဓာတ်ကောင်းမွန်သော မိုးရာသီအချိန်တွင် အများဆုံးစိုက်ပျိုးကြ၍ စိုက်ပျိုးပြီး တစ်နှစ်ခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ကြောင်း၊ နွေရာသီတွင် ရေလောင်းပေါင်းသင်ခြင်းများ ပြုလုပ်ပေးပါက သလဲသီးများကို တစ်နှစ်ပတ်လုံး ဆွတ်ခူးရရှိနိုင်ကြောင်း၊ သလဲသီးအနီမျိုးနှင့် သလဲသီးအဝါမျိုးများဟူ၍ရှိရာ သလဲသီးအနီမျိုးများကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ်မှ ကိုင်းကူးပင်များကို ဝယ်ယူ၍ ပင်ခြားတန်းခြား ၁၅ ပေအကွာဖြင့် တစ်ဧကလျှင် သလဲသီးကိုင်းကူးပင် ၂၅၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၇၅ သိန်းခန့် ကုန်ကျကြောင်း၊ တစ်နှစ်လျှင် သလဲပင်တစ်ပင်အတွက် ပျမ်းမျှအလုံးရေ ၅၀ ခန့်ထွက်ရှိပြီး တစ်ဧကအတွက် ပျမ်းမျှအလုံးရေ ၁၂၅၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရှိ သစ်သီးဆိုင်များသို့ တင်ပို့ရောင်းချရကြောင်း၊ သလဲသီးသည် နှစ်ရှည်ပင်အမျိုးအစားဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံးဝင်ငွေရရှိပြီး အကျိုးအမြတ်များရရှိကာ မိသားစုအပိုဝင်ငွေရရှိကြောင်း သလဲသီး စိုက်ပျိုးသူတစ်ဦးထံမှ သိရသည်။

DOCA (မကွေး)

## ၃၀-၆-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၅၂၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၃၀၀၀ | - | ၁၇၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၆၈၃၀ | ၁၈၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၃၆၀၀၀ | ၂၂၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၈၃၀၀ | ၂၁၀၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၄၀၀၀ |
| ၅ | ဘားအံ | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၆၈၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၆၇၈၅ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၂၀၀ | ၁၄၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၀၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၄၁၅ | ၁၄၀၀၀ | ၂၃၀၀ | ၁၁၀၀၀ | ၁၂၅၀၀ | | ၆၅၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၄၃၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၄၅၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၅၄၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၂၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၇၅၀ | ၂၁၀၀၀ | ၆၈၅၀ | ၉၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၃၆၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၂၇၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၃၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၉၆၀၀ | ၇၅၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၉၀၀၀ | ၂၉၀၀၀ | ၁၃၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၁၄၅ | ၁၂၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၁၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၁၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၆၉၄၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၃၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၈၄၅ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၉၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၈၄၅ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၈၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၉၆၀၀ | ၆၇၅၆ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၁၂၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၅၂၀၀ |
| ၁၉ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၉၈၀၀ | ၆၇၅၆ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၄၀၀ | ၁၁၅၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၄၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၁၈၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ကျောင်းတက်ရောက်မှုရာခိုင်နှုန်းနှင့် တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများ နှစ်စဉ်တိုးတက်အောင် ဆောင်ရွက်

**ပဲခူး ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဇွန် ၃၀ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၅) ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ကျောင်းတက်ရောက်မှုရာခိုင်နှုန်းနှင့် တန်းစဉ်ကူးပြောင်းမှု ရာခိုင်နှုန်းများ နှစ်စဉ်တိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အခြေအနေအရပ်ရပ်ကြောင့် ကျောင်းတက်ရောက်နိုင်ခြင်းမရှိသည့် ကလေးလူငယ်များအတွက် မြို့နယ် ၂၁ မြို့နယ်တွင် ကျောင်းပြင်ပပညာရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီးဖြစ်၍ ကျောင်းတက်ရောက်နိုင်ရေး သက်ဆိုင်ရာမိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံဆွေးနွေး စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ဆေးရုံအခြေပြုကုသရေးလုပ်ငန်းများ အပြင် ကျေးလက်ဒေသများအထိ နည်းလှည့်ကွင်းဆင်းဆေးကုသသည့် လုပ်ငန်းစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့တွင်း/မြို့ပြင် သန့်ရှင်းသပ်ရပ်စေရေးနှင့် အမှိုက်ကင်းစင်ရေးကို အလေးပေးဆောင်ရွက်ရန်နှင့် လူစည်ကားရာနေရာများနှင့် အဓိကလမ်းမကြီးတစ်လျှောက် အမှိုက်ပုံးများ အရောင်ခွဲခြား၍ စနစ်တကျ ချထားပေးသွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း လမ်းညွှန်အမှတ်အသားများအား တစ်ပြေးညီဖြစ်စေရေးနှင့် လမ်းမကြီးများ၏ ဘေးဝဲယာတွင် သတ်မှတ်ပုံစံအတိုင်း လေကာပင်များ စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ မိုးရာသီဖြစ်၍ ဆည်တာမံများ၊ မြစ်/ချောင်းကူးတံတားများ၏ ကြံ့ခိုင်မှုများစစ်ဆေးခြင်းကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်ဖြတ်သန်းမှုမရှိစေရေးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ စီးနင်းမှုမရှိစေရေး အရေးယူဆောင်ရွက်သွားရန် မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေရေးရာကိစ္စရပ်များ၏ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တင်ပြချက်များနှင့်ပတ်သက်၍တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဌာနတစ်ခုချင်းအလိုက် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်တက္ကသိုလ်နှင့် တပ်မတော်အုပ်ချုပ်မှုကျောင်းသို့ စာအုပ်များလှူဒါန်း

**ပြင်ဦးလွင် ဇွန် ၃၀**

သင်္ချာပါမောက္ခကြီးများ ဖြစ်ကြသော ဒေါက်တာ ခင်မောင်ဆွေ+ဒေါ်မြင့်မြင့်ခိုင် (အာဇာနည်ခေါင်းဆောင်မန်းဘခိုင်၏ သမီး) မိသားစုနှင့် မန္တလေးမြို့ ဓမ္မသံတော်ဆင့်စာပေ မြန်မာသံတော်ဆင့်သတင်းဌာန မိသားစုတို့မှ သင်္ချာပညာရပ်ဆိုင်ရာစာအုပ်များနှင့် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းခြင်းကို ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် တပ်မတော်အုပ်ချုပ်မှုကျောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်များ၌ ဇွန် ၃၀ ရက် နံနက် ၁၁ နာရီက ပြုလုပ်ရာ တပ်မတော်အုပ်ချုပ်မှုကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်



ဇော်မန်းဖြိုး၊ စစ်တက္ကသိုလ် စာကြည့်တိုက်မှူး ဒုတိယဗိုလ်မှူးကြီး ကျော်သန့်ဇင်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် စာကြည့်တိုက်တာဝန်ခံ ဗိုလ်မှူးမိုးဇော်တို့ထံသို့ ဓမ္မသံတော်ဆင့်စာပေ ထုတ်ဝေသူ ဦးကျော်စွာဝင်း (ဓမ္မပါလမြို့သား)နှင့် ဦးကိုကိုကြီး (မန္တလေးနေ့စဉ်)တို့မှ သက်ဆိုင်ရာကျောင်းအလိုက် စာအုပ်များ ပေးအပ်လှူဒါန်းကြပြီး တပ်မတော် အုပ်ချုပ်မှုကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်မန်းဖြိုးက ကျေးဇူးတင်စကားပြောကြားကာ စစ်တက္ကသိုလ်မှ စာအုပ်လှူဒါန်းမှု ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့အတူ သင်္ချာပညာရပ်ဆိုင်ရာ သုတ၊ ရသစာအုပ်များကို မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စာကြည့်တိုက်နှင့် တပ်ရင်းစာကြည့်တိုက်သို့လည်း ပေးအပ်လှူဒါန်းရာ မန္တလေးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သိန်းအောင်ထွေးက လက်ခံရယူသည်။

**(မြန်မာ့အလင်း)**

# မြို့နယ်ဆန်စက်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်များ ပြန်လည်ရွေးချယ် တင်မြှောက်ခြင်း အခမ်းအနားကျင်းပ

**ပေါင်းတည် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယနေ့နံနက် ၉ နာရီက မြို့နယ် ဆန်စက်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းနှင့် အသင်းအမှုဆောင်များ ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်တက်ရောက်အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးနိုင်ဝင်းသိန်းက ယခင်အသင်းဖွဲ့စည်းမှုအမည်စာရင်းကို ကြေညာသည်။

ထို့နောက် အသစ်ပြန်လည်ရွေးချယ်နိုင်ရန်အတွက် အမည်စာရင်းတင်သွင်းခြင်း၊ ထောက်ခံခြင်း၊ ရွေးချယ်ခြင်းနှင့် အတည်ပြုကြေညာခြင်းများကို အသင်းအဖွဲ့အစည်းအခြေခံစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရွှေသား(ပြန်/ဆက်)**




# တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ် ကော့သောင်းခရိုင် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြား

**ကော့သောင်း ဇွန် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သို့ ရောက်ရှိနေသော တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းနှင့် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးညွှန့်လွင်တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် စုပေါင်းရုံးလမ်းရှိ ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေရုံး ယာယီဖွင့်လှစ်ထားရှိသည့် အဆောက်အအုံသို့ရောက်ရှိပြီး ခရိုင်



ဥပဒေရုံးနှင့်မြို့နယ်ဥပဒေရုံးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများအားတွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ စနစ်များဖြစ်သည့် ပထမရသူအနိုင်ရရှိသည့် စနစ် (FPTP) နှင့် အချိုးကျကိုယ်စားပြုစနစ် (PR) စနစ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေချုပ်က ခရိုင်အတွင်းရှိ ဥပဒေအရာရှိများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ရွေးကောက်ပွဲဆိုင်ရာ တည်ဆဲဥပဒေများကို ကြိုတင်လေ့လာထားရှိရန်၊ နိုင်ငံ့ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရှင်းရန်၊ ယာယီရုံးဖွင့်လှစ်ထားရှိမှုနှင့်စပ်လျဉ်းသည့် လူပုဂ္ဂိုလ်လုံခြုံရေး၊ စာရွက်စာတမ်းလုံခြုံရေးနှင့် မီးဘေးလုံခြုံရေးကိစ္စများအား အထူးဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးဥပဒေအရာရှိတို့သည် ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေရုံးအသစ်ဆောက်လုပ်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

- **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျောင်းကုန်းမြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ကျောင်းကုန်း ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် သစ်တောဦးစီးဌာန ကျောင်းကုန်းဘိနယ်မှ ကြီးမှူး၍ ကျောင်းကုန်းမြို့နယ် ကျောင်းအိုင်အုပ်စု ကျောင်းအိုင်ကျေးရွာ၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်က ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ ရေကြည်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထူးနိုင်နှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ စုစုပေါင်း ၁၅၀ ခန့်က အမြင့် သုံးပေနှင့်အထက်ရှိသော ကျွန်း၊ ပျဉ်းကတိုး၊ ခရေ၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ရေတမာ၊ ကညင်၊ ကံ့ကော် စသည့်အပင် ၅၁၅ ပင်တို့ကို စိုက်ပျိုးခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# မုံရွာမြို့၌ လူငယ်ကဏ္ဍဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**မုံရွာ ဇွန် ၃၀**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့က လူငယ်ကဏ္ဍ ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌက အမျိုးသမီးရေးရာအဖွဲ့ချုပ် အခြေခံစည်းမျဉ်းနှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်မှုအကြောင်းကို လည်းကောင်း၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်လင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဆွေးနွေးသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၂ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မိုင်းပန်မြို့နယ် ရဲတပ်ဖွဲ့မိသားစုဝင်များ၏ ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများအား ပညာရေးထောက်ပံ့



**မိုင်းပန် ဇွန် ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့မိသားစုဝင်များ၏ ကျောင်းသားကျောင်းသူများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးထောက်ပံ့မှု ပေးအပ်ပွဲအခမ်းအနားကို မြို့နယ် ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သိန်းနိုင်နှင့် တာဝန်ရှိသူများက ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၇ ဦးအား ပညာသင်ထောက်ပံ့မှုအဖြစ် မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀ နှုန်း၊ အထက်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ တက္ကသိုလ်တက်ရောက်နေ သူများအား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ ဖြင့် ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ခရမ်းမြို့နယ်အသင်း(ရန်ကုန်)က ပညာသင်ထောက်ပံ့ခြင်းနှင့် ဆရာ ဆရာမများ၊ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

**ခရမ်း ဇွန် ၃၀**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ခရမ်းမြို့နယ်အသင်း (ရန်ကုန်) က ဆရာ ဆရာမ စွမ်းဆောင်ရည်ဆုနှင့် အထက်တန်း၊ အလယ်တန်းအဆင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက ခရမ်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အသင်း(ရန်ကုန်) ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်မြအေးက ပညာသင်ထောက်ပံ့ကြေးပေးအပ်နိုင်ရေးနှင့် ဆရာ ဆရာမများအား စွမ်းဆောင်ရည်ဆုပေးအပ်နိုင်ရန် ရွေးချယ်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အသင်း(ရန်ကုန်)မှ ထောက်ပံ့ပေးအပ်သော ဆရာ ဆရာမ စွမ်းဆောင်ရည်ဆုရရှိသူ ၁၅ ဦးနှင့် ကျောင်းနေရန် ခက်ခဲသည့် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၅၀ တို့အား ပညာသင်ထောက်ပံ့ကြေးများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အသင်း(ရန်ကုန်) ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မြအေးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး လူရည်ချွန်နှင့် နိုင်ငံ့ဂုဏ်ဆောင် တင်းနစ်အားကစားသမားများကိုလည်း ဆုများပေးအပ်သည်။ ယနေ့တွင် ဆရာ ဆရာမစွမ်းဆောင်ရည်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးအတွက် ဆုငွေ ကျပ်သိန်း ၃၁၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

## ရွှေပြည်သာမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အခွန်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ ရွှေပြည်သာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးမှူး ဦးသက်ဝေက အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများက အခွန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်ဦးစီးဌာနမှူးက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## တိုက်ကြီးမွေးမြူရေးဇုန်အတွင်း စိမ်းလန်းစိုပြည်စေရေး မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**တိုက်ကြီး ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမွေးမြူရေးဇုန်အတွင်း စိမ်းလန်းစိုပြည်စေရေးရည်ရွယ်၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ချင်းကုန်းကျေးရွာအုပ်စု တိုက်ကြီးမွေးမြူရေးဇုန် ဇကေ ၂၀၀၀ ၌ ကျင်းပသည်။



သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းနှင့် သစ်တောဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မွေးမြူရေးဇုန်အတွင်းရှိ လုပ်ငန်းလုပ်ကိုင်သူများ တက်ရောက်ကြပြီး မွေးမြူရေး ဇုန်ဇကေ ၂၀၀၀ အတွင်းရှိ ဆက်သွယ်ရေး လမ်းဘေးဝဲ/ယာများနှင့် မွေးမြူရေးဇုန်ခြံဝင်းအသီးသီး၌ စုစုပေါင်း သစ်ပင် ၃၅၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၃၀**

ယနေ့မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးလက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုံရွာမြို့နယ်၊ မဒေါက်မြို့နှင့် ပဲခူးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့၌ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်

**နေပြည်တော် ဇွန် ၃၀**

ယနေ့မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုတော်မူကြသည့် သံဃာတော်များနှင့် စာမေးပွဲစာစစ်မည့် စာစစ်သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုတော်မူကြသည့် သံဃာတော်များနှင့် စာမေးပွဲစာစစ်မည့် စာစစ်သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၂၉ ပါးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ထန်းတပင်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြ



**ထန်းတပင် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် အောင်မင်္ဂလာရပ်ကွက် ကွင်းအမှတ် (၄၅၅) ဦးပိုင်အမှတ် (၅၉/၂) ရှိ တောင်သူ ဦးမြင့်စိုး၏ လယ်မြေသုံးဧကတွင် ဆင်းသုခစပါးမျိုးအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

သရုပ်ပြပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပျိုးထောင်ထားမှုအခြေအနေနှင့် ဆောင်ရွက်ချက်ပြည့်မီရေး၊ လုပ်သားရှားပါးမှုပြဿနာများကို ဖြေရှင်းနိုင်ခြင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် တောင်သူများမှ သရုပ်ပြပွဲအား ကြည့်ရှုလေ့လာကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## စစ်တွေမြို့နယ်ရှိ ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၃၀**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်းဝေသည် ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမြင့်ဟန်နှင့် ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ(ရုံးချုပ်)နှင့်အဖွဲ့သည် စစ်တွေမြို့နယ်သက္ကေပြင်ကျေးရွာသွားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

စစ်တွေမြို့နယ် သက္ကေပြင်ကျေးရွာသွားလမ်းကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လမ်းလွှာနှင့် ဒီဇိုင်းပုံထုတ်နိုင်ရေး ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အင်ဂျင်နီယာချုပ်(မြို့ပြ)က အဆိုပါလမ်းကို စစ်တွေခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံး ငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



## ဒဂုံမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဇွန် ၃၀**

ဒဂုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင်တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဒဂုံမြို့နယ် My Garden ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ဒဂုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးမြင့်အေးက အမှာစကားပြောကြားပြီး ဒဂုံမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်စွာမြင့်က အခွန်ဆိုင်ရာသိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အာကာလင်း**



## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Singapore Airlines လေယာဉ်ခရီးစဉ် အမှတ် SQ–762/ SF – 6110 ဖြင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသား ခရီးသည်လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၃ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၆၅၂၇၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြဝတီမြို့ အမှတ် (၆)ရပ်ကွက် ဗိုလ်ချစ်သူလမ်းနှင့် ဗိုလ်ကြာသုတ်လမ်းကြား တစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၁၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၂၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ခြောက်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၉ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇွန် ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၇၅၂၇၀၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

*✳ ကျောဖုံးမှ*

ခြေစွမ်းအသာ၊ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ဖန်တီးမှုအသာဖြင့် အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့သော်လည်း အရည်အသွေးမြင့် ထိပ်တန်းကစားသမားအများအပြား ပိုင်ဆိုင်ထားသည့် ဘိုင်ယန်မြူးနစ်အသင်းက ဂိုးပြတ်အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းအဓိက တိုက်စစ်ကစားသမား ဟာရီကိန်းအထူးခြေစွမ်းပြသနိုင်ခဲ့ပြီး နှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် ဟာရီကိန်းသည် ယခုနှစ်ရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် သွင်းဂိုးပေါင်း ၄၁ ဂိုး ရှိလာပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် နာမည်ကြီး ပီအက်စ်ဂျီအသင်းနှင့် ရင်ဆိုင်သွားရမည်ဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ၁၆ သင်းအဆင့်တွင် မက်ဆီ၏ အင်တာမိုင်ယာမီအသင်းကို လေးဂိုးပြတ် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသည့် အသင်းဖြစ်သည်။ လက်ရှိအချိန်အထိ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ဘရာဇီးကလပ် ပါးမီးယပ်စ်၊ အင်္ဂလန်ကလပ် ချယ်ဆီး၊ ပြင်သစ်ကလပ် ပီအက်စ်ဂျီနှင့် ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်အသင်းတို့ တက်လှမ်းထားသည်။ **အောင်ဇော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပဲခူးမြို့

## (အိတ်ဖွင့်တင်ဒါ(Open Tender)အဆိုပြုလွှာခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ပဲခူးမြို့၊ ဟံသာသီရိမြို့ကွက်သစ်ဖော်ထုတ်ရေးစီမံကိန်းအတွင်း ပေ(၄၀)လမ်း Block-4၊ (၁၃)လမ်း(Lot-17)နှင့် ပေ(၄၀)လမ်း Block-5 (၁၂)လမ်း၊ ပေ(၂၀)လမ်း Block-5 (၇)လမ်း (Lot-21) ဆောင်ရွက်ခြင်းလုပ်ငန်းအား သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်ရန် အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာ တင်သွင်းရန် တင်ဒါခေါ်ယူအပ်ပါသည်-

၂။ အိတ်ဖွင့်တင်ဒါ အဆိုပြုလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်ဝယ်ယူနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၁-၇-၂၀၂၅)ရက် (အင်္ဂါနေ့) (၀၉:၃၀နာရီမှ ၁၆:၃၀နာရီအထိ) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** - (၁၄-၇-၂၀၂၅)ရက် (တနင်္လာနေ့) (၁၆:၃၀ နာရီ)

(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်နှင့် PO နောက်ဆုံးတင်သွင်းရမည့်ရက်** - (၁၄-၇-၂၀၂၅)ရက် (တနင်္လာနေ့) (၁၆:၃၀နာရီ)

(ဃ) **တင်ဒါလျှောက်လွှာရောင်းချမည့် နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ပဲခူးမြို့

(င) **တင်ဒါဖွင့်လှစ်မည့်ရက်** - (ထပ်မံအသိပေးအကြောင်းကြားသွားပါမည်။)

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တယ်လီဖုန်းနံပါတ်-၀၅၂-၂၂၀၁၈၄၀၊ ၀၅၂-၂၂၀၀၀၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

**ဦးဝေလျှံမင်း (၁၂/ဥကတ(နိုင်)၁၉၇၆၈၂) နှင့် ဒေါ်အိမ့်ခိုင်ကျော် (၁၂/ဒဂမ(နိုင်)၀၂၃၂၀၉)** တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိကြတော့သဖြင့် (၃၀-၆-၂၀၂၅)ရက်တွင် လွတ်လပ်သော ဆန္ဒများအရ "**မြန်မာဓလေ့ထုံးတမ်းဥပဒေ**"နှင့်အညီ နှစ်ဖက်သောအသိသက်သေများနှင့် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီး၍ အီလက်ထရောနစ်စနစ်ဖြင့်လည်း ကွာရှင်းစာချုပ်ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးဝေလျှံမင်း နှင့် ဒေါ်အိမ့်ခိုင်ကျော် တို့သည် လွတ်လပ်သူများဖြစ်ကြပြီး နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်းနှင့် ရထိုက်ခွင့်ရှိသည့် ပစ္စည်းတစ်စုံတစ်ရာ ကျန်ရှိခြင်း မရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဝေလျှံမင်း နှင့် ဒေါ်အိမ့်ခိုင်ကျော် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ငြိမ်းတိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၇၇၉)**
**မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း -၀၉-၉၇၆၄၆၆၈၈၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ခခ-၄၊ ဦးပိုင်အမှတ်(၇၂)၊ ၆၅လမ်း၊ ၁၃၀x၁၃၁ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးဘကျော်ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၃၈၅၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးနိုင်ဦး ၁၃/နဆန(နိုင်) ၀၂၅၃၈၆ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၈၀၃/ ၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၂)၊ ဦးပိုင်အမှတ် ၈၅(ခဲစင်း)၊ ၅၃x၅၄ကြား၊ ၁၀၈x၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးဆန်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၈၉၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်မြင့် ၉/မနတ(နိုင်)၀၉၅၀၈၃ က အမှုတွဲအမှတ် (၀၈၁၆/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာနေ ဦးအရှဖ ၁၃/သပန(နိုင်)၀၂၃၁၂၃နှင့် ရန်လန်ရင်(ခ)ဒေါ် နန်းလန် ၁၃/သပန(ပြု)၀၀၀၄၂၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ဦးအရှဖနှင့် ရန်လန်ရင်(ခ) ဒေါ်နန်းလန်တို့တွင် သားသမီး (၇)ဦးထွန်းကားခဲ့ပြီး မောင်ကြည်နိုင်(ခ) အိုက်လောင်း ၁၃/သပန(ပြု)၀၀၀၁၇၇ သည် အငယ်ဆုံးသားဖြစ်ပါသည်။ မောင်ကြည်နိုင်(ခ)အိုက်လောင်းသည် မိဘ၏ ပြောဆိုဆုံးမမှုများအား နာခံမှုမရှိသည့်အပြင် မိဘနှစ်ပါးအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်စေရန် အစဉ်အမြဲပြုလုပ်လျက်ရှိပါသည်။ သို့ဖြစ်၍ ဤကြော်ငြာ ပါသည့်ရက်မှစ၍ မောင်ကြည်နိုင်(ခ)အိုက်လောင်းအား သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအရှဖနှင့် ရန်လန်ရင်(ခ)ဒေါ်နန်းလန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထူးကျော်**
**အထက်တန်းရှေ့နေ(စဉ်-၅၆၄၄၇)**
**ဖုန်း-၀၉-၂၅၄၃၂၁၀၆၁**

## (၂၄)ကြိမ်မြောက် ကမ္ဘောဇသောမဏေကျော် စာမေးပွဲကျင်းပရေးကိစ္စ

တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်မွေ့ရာ့ ဂေါပကအဖွဲ့က နှစ်စဉ်ဦးဆောင်ကျင်းပသော (၂၄)ကြိမ်မြောက် ကမ္ဘောဇသောမဏေကျော် စာမေးပွဲကို ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော်(၈)ရက် (၉)ရက် (၁၀)ရက် ၂၀၂၅ခုနှစ် အောက်တိုဘာလ(၁၄)ရက် (၁၅)ရက် (၁၆)ရက်များတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း နိုင်ငံတစ်ဝန်းလုံးရှိ ပရိယတ္တိ စာသင်တိုက်ပစာခ နာယက ဆရာတော်ကြီးများသို့ ရိုသေစွာ လျှောက်ထားအပ်ပါသည်။

**ကမ္ဘောဇသောမဏေကျော် စာမေးပွဲကျင်းပရေးအဖွဲ့**
**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဆရာထွန်းလမ်း၊ တိုက်အမှတ်-၆၊ ၅လွှာနေ ဦးဇော်ဝင်းအောင် ၁၂/ဒလန(နိုင်)၀၃၆၈၈၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဘုရားသုံးဆူတိုးချဲ့ကွက်သစ်ကျေးရွာ၊ မိဘမေတ္တာ(၃)လမ်း၊ အကျယ်အဝန်း(၄၀ပေX ၆၀ပေ)ရှိ ရွာမြေအမျိုးအစားမြေကွက်အား အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရယူထားသူထားကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးညီညီပြည့်စုံ ၁၂/ဥကတ(နိုင်)၂၀၁၈၆၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းအောင် ကပိုင်ဆိုင်မှုစာရွက်စာတမ်း အပြည့်အစုံနှင့်တကွဝယ်ယူ လက်ရောက်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးဇော်ဝင်းအောင်မှ ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များရှိပါသောကြောင့် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ လုပ်ဆောင်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၃၀၈၈)**
**အမှတ်-၁၂၀၈၊ မဏိစန္ဒာလမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၁၁၄၈၈၃၊ ၀၉-၉၆၃၁၂၂၅၆၅၊ ၀၉-၄၄၂၁၃၅၀၈၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၊ ဆရာထွန်းလမ်း၊ တိုက်အမှတ်၆၊ ၅လွှာနေ ဦးဇော်ဝင်းအောင် ၁၂/ဒလန(နိုင်)၀၃၆၈၈၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဘုရားသုံးဆူတိုးချဲ့ကွက်သစ်ကျေးရွာ၊ အေ- ၄လမ်း၊ အကျယ်အဝန်း(၄၀ပေX၆၀ပေ)ရှိ ရွာမြေအမျိုးအစားမြေကွက်အား အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရယူထားသူထားကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝိုင်းစိန် ၁၄/မအန(နိုင်)၁၀၉၂၈၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းအောင်က ပိုင်ဆိုင်မှုစာရွက်စာတမ်းအပြည့်အစုံနှင့်တကွ ဝယ်ယူလက်ရောက် ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။အဆိုပါမြေကွက်အား ဦးဇော်ဝင်းအောင်မှ ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်ရန်ကိစ္စရပ်များ ရှိပါသောကြောင့် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေထံသို့ ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ လုပ်ဆောင်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၀၈၈)**
**အမှတ် ၁၂၀၈၊ မဏိစန္ဒာလမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။**
**ဖုန်း-၀၉- ၄၂၁၁၁၄၈၈၃၊ ၀၉-၉၆၃၁၂၂၅၆၅၊ ၀၉-၄၄၂၁၃၅၀၈၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်းအမှတ်/အမည်(BB/မြနန္ဒ)၊ ဦးပိုင်အမှတ်(၅၅၊ ၅၆)၊ မြေရေိယာ(၀ဒသမ၁၆၆)ကေရှိ ဂရန်မြေကွက်သည် မြေငှားဂရန် အမှတ်အမှတ်(၃၇၂/၂၀၂၃-၂၀၂၄)အရ စုဖုရားလေး(ခ)ဒေါ်လေးလေး မြတ်၊ စုဘုရားနိုင်(ခ) ဒေါ်နိုင်နိုင်ဝင်းတို့ အမည်ဖြင့် အမည်ပေါက်လျက်ရှိပါသည်။ ၎င်းတို့ပိုင်ဆိုင်သော ဂရန်မြေကွက်အတွင်းမှ ခွဲစိတ်၍ ဦးပိုင်အမှတ် (၅၆)၊ မြေရေိယာ (၀ဒသမ၀၈၃)အား ဒေါ်သန္တာအေးမှ မှတ်ပုံတင်စာချုပ်အမှတ် (၅၅၀/၂၀၂၄)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား ဒေါ်သန္တာအေး အမည်ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းအသိပေး ကြေညာလိုက်သည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့၊ ရိုးမရတနာ ကိုယ်ပိုင်မူလတန်းကျောင်းGrade -2တန်းတွင် ပညာသင်ကြားနေသော မနန်းဧပရယ်မောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်အေး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(ခွဲ) အလက(၁) Grade-6တွင် ပညာသင်ကြားနေသော မောင်ရေမွန်ဂွန်၏ ဖခင်အမည်မှန်မှာ ဦးရိုင်ယန်ထရက်ဝင်း ၉/ပဥလ(နိုင်) ၀၁၄၅၁၀ ဖြစ်ပါကြောင်း။

**ဦးရိုင်ယန်ထရက်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/2067 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တိုးဝင်း ၇/ပခန(နိုင်) ၃၄၅၇၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/49458, Super Chiner 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းကိုကို ၁၄/ပသန(နိုင်) ၂၉၄၅၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ပန်းတနော်မြို့ မြို့နယ်သမဝါယအသင်းစု(လီမိတက်) လေလံခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ မြို့နယ်သမဝါယမအသင်းစု(လီမိတက်)မှ ပိုင်ဆိုင်သော ပန်းတနော်မြို့ မြို့မအနောက်ပိုင်းရပ်ကွက်၊ သီရိလမ်းသွယ်ပေါ်ရှိ မြေကေ(၀.၅၃၅)ကေပေါ်ရှိ (၉၉x၇၄x၂၉)ပေ(သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း) (U-Shaped M.S Farmed Building) Rcc -၂ထပ် အဆောက်အအုံ(အပေါ်ထပ်ရုံခန်း၊ အောက်ထပ်ဈေးဆိုင်ခန်းများ)အား မြေပြင်မျက်မြင်အခြေအနေ(မြေနှင့်အဆောက်အအုံ)အတိုင်း အိပ်ဖွင့်လေလံစနစ်ဖြင့် ထုခွဲ ရောင်းချသွားမည်ဖြစ်ပါသည်-

**လေလံရောင်းချမည့်ရက်** - (၁-၇-၂၀၂၅)ရက်မှ (၅-၇-၂၀၂၅)ရက်အထိ

**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - (၅-၇-၂၀၂၅)ရက် (၁၆:၀၀)နာရီ

**လေလံလျှောက်လွှာရောင်းချမည့်နေရာ** - ပန်းတနော်မြို့၊ မြို့နယ်သမဝါယမအသင်းစုရုံး

၂။ အာမခံပေးသွင်းထားသည့်အထောက်အထားမူရင်းအားသက်ဆိုင်ရာ လေလံထုခွဲရောင်းချရေးအဖွဲ့ အသင်းအမှုဆောင်ထံ သီးခြားအပ်နှံပြီး လေလံဈေးနှုန်းတင်သွင်းလွှာ၊ လျှောက်လွှာများကို လေလံပိတ်ရက်(၅-၇-၂၀၂၅)ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ ပန်းတနော်မြို့၊ မြို့နယ်သမဝါယမအသင်းစုရုံးသို့ တင်သွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ လျှောက်လွှာပိတ်သိမ်းပြီးနောက်နေ့ ၆-၇-၂၀၂၅ ရက် ၁၀ နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်းကို ပန်းတနော်မြို့ ၊ မြို့နယ်သမဝါယမအသင်းစု (လီမိတက်) ရုံး၌ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း - ၀၉-၄၂၂၄၅၆၄၃၈၊ ၀၉-၄၂၅၀၀၆၁၂၈

**လေလံထုခွဲရောင်းချရေးအဖွဲ့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၁၈၊ ဦးပိုင်အမှတ်(၈၆)၊ ၆၃(B)လမ်းနှင့် ၁၃၄ လမ်းထောင့်ရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးမြင့်၏ (GPရရှိသူ ဦးအောင်ဇာနည်ကျော်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၆၅၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမြို့မောင် ၅/ဗမန(နိုင်)၀၀၄၃၅၂၊ ဒေါ်နွယ်နွယ်ဦး ၅/အတန(နိုင်)၀၄၆၆၇၆တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၀၈၀၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ ရွှေပြည်စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း Grade -12 မှ မောင်ဆက်မော်အောင်၏ အမည်မှန်မှာ မောင်ဆက်မော်အောင် ၁၄/ဘကလ (နိုင်)၄၃၃၃၅၂ အမှန်ဖြစ်ပါကြောင်း။

**မောင်ဆက်မော်အောင်**

## အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ဘိုကန်းအုပ်စု နန်းစက်ကျေးရွာ၊ အလက (ခွဲ)ကျောင်း Grade-10မှ မောင်စိုင်းခန့်ကျော်၏ အမည်မှန်မှာ မောင်ချမ်းသာဦး အမှန်ပင်ဖြစ်ပါကြောင်း။

**မောင်ချမ်းသာဦး**

## ကန့်ကွက်နိုင်ပါကြောင်း

ချောက်ခရိုင်၊ ချောက်မြို့၊ အမှတ်(၁၅)ရပ်ကွက်၊ ရတနာအိုင့်ရပ်၊ အကွက်အမှတ်(၄၁/တမာအိုင့်)၊ ဦးပိုင်အမှတ်(၂၁၃)၊ မြေကွက်အမှတ်(၁၇၀/၃၁၃) ၊ မြေမျိုးနှင့် အတန်း(မြို့မြေ)၊ ဧရိယာ(၀ဒသမ၀၇၈)ကေရှိ မြေကွက်နှင့် ဦးပိုင်အမှတ်(၂၁၁)၊ မြေကွက်အမှတ်(၁၇၀)၊ မြေဧရိယာ (၀ဒသမ၁၂၅)ကေရှိ မြေကွက်အား လည်းကောင်း ဦးမြင့်အောင်အမည်ဖြင့် ဂရန်အသစ်(၂)တွဲ လျှောက်ထားလာပါသည်။ ထိုသို့ လျှောက်ထားလာမှုအပေါ် မည်သူမဆို ခိုင်လုံလုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဤမြေငှား ဂရန်အသစ်(၂)တွဲ လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၁၃၇၅) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးဖေသိန်း (၉/မထလ(နိုင်)၀၄၁၄၀၅)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဦးနီလာထွန်း** (၉/ပမန(နိုင်)၁၂၂၂၈၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **စွန်သို့(စ်)ကူးမာ(ရ်)**(၇/ဖမန(နိုင်)၁၇၈၄၇၂)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၂၀၆၆) | (စဉ်-၁၂၃၆၅) | (စဉ်-၅၆၃၆၆) |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ် (၂၂၃)၊ [**ဦးသိန်းလွင်** (AA-၀၉၁၁၇၀)အမည်ပေါက်] အကျယ်အဝန်း(၄၀X၆၀)ပေရှိ မြေချပါမစ်မြေကွက်နှင့် မြေကွက်အမှတ်(၂၂၄)၊ [**ဦးမြတ်သန်း** (၅/စကန(နိုင်)၀၂၃၉၄၈)အမည်ပေါက်] အကျယ်အဝန်း(၄၀X၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်၊ စုစုပေါင်းမြေကွက်(၂)ကွက်အား မြေအမည်ပေါက်များထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဦးတင်အောင်မြင့်** (၁၂/အလန(နိုင်)၀၃၀၄၅၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်အေးအေးသိန်း** (၇/ပခန(နိုင်)၀၉၁၀၀၀)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 7I/6300, Hyundai Porter II, Pick Up (4x2)L ယာဉ်လက်ဝယ်ရှိသူ Mega Signature Co.,Ltdက (ကမ-၃) ပျောက်ဆုံး ၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး (မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 7Q/6260, Suzuki Carry DA21T P/U(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်လင်း ၈/ဆမန(နိုင်) ၀၄၆၉၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ပခုက္ကူ)**

## သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အင်ကြင်းကုန်းအုပ်စု၊ ဥက္ကလာပကျေးရွာနေ ဦးဇော်ဌေး ၈/တတက(နိုင်)၀၀၁၃၈၇နှင့် ဒေါ်အေးအေးမြင့် ၈/တတက(နိုင်)၀၇၈၃၁၆ တို့၏သား မောင်ချမ်းငြိမ်းအောင် ၈/တတက(နိုင်)၂၆၈၄၃၀သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စအကြောင်းအရာများအား တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘများ - ဦးဇော်ဌေး- ဒေါ်အေးအေးမြင့်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
### "သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း"

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြု/ သားဖွား/ နီးနွယ် သင်တန်းကျောင်းများ၌ ၂၀၂၆ ပညာသင်နှစ်အတွက် (၂-၁-၂၀၂၆)ရက်နေ့တွင် ဖွင့်လှစ်မည့် သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ် သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ ( မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၃)ဘာသာ ရမှတ်ပေါင်းကို မူတည်၍ ရွေးချယ်မည် ဖြစ်ပါသည်။)

၂။ **အရည်အချင်းသတ်မှတ်ချက်**

လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူ ဖြစ်ရမည်၊ **(၂၀၂၅ ခုနှစ် မတိုင်မီ အောင်မြင်သူများသာ လျှောက်ထားရမည်။ ၂၀၂၅ ခုနှစ်တွင် ဖြေဆိုအောင်မြင်သူများ လျှောက်ထားခြင်း မပြုရ။)**

(ဂ) လျှောက်လွှာပိတ်သည့် (၂၉ - ၈ -၂၀၂၅)ရက်နေ့တွင် အသက် (၂၅)နှစ်ထက်မကြီးရ။ **(တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာ အတည်ပြုမည်)**

(ဃ) ဖြစ်မှုကင်းရှင်းသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

(င) အိမ်ထောင်မရှိသူ (အပျို / လူပျို) ဖြစ်ရမည်။

(စ) အနည်းဆုံး အရပ်(၅)ပေ ရှိရမည်။ (အရပ်(၅)ပေ မပြည့်မီသူများ လျှောက်ထားခြင်း လုံးဝမပြုပါရန်)

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဈ) ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် လျှောက်လွှာမူရင်းကို မိမိသက်ဆိုင်ရာ ဦးစီးဌာန အကြီးအမှူးမှတစ်ဆင့် လျှောက်ထားရမည်။
- သက်ဆိုင်ရာဦးစီးဌာန အကြီးအမှူး မှတစ်ဆင့် လျှောက်ထားခြင်း မရှိသော လျှောက်လွှာများကို လုံးဝ(လုံးဝ) လက်ခံစဉ်းစားမည် မဟုတ်ပါ။
- မိမိသည် ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျက် မိမိသဘောဆန္ဒဖြင့် လျှောက်ထားပြီး ရမှတ်မီ၍ ရွေးချယ်သည့် စာရင်းတွင် ပါရှိပါကလည်း စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

(ည) သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင် ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းအတွက် ကျပ်(၈၀၀၀၀၀/-) (ကျပ်ရှစ်သိန်းတိတိ)၊ ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းအတွက် ကျပ် (၃၀၀၀၀၀/-) (ကျပ်သုံးသိန်းတိတိ) (သို့မဟုတ်) အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် လျော်ကြေးငွေကို ပေးလျော်နိုင်သူ ဖြစ်ရမည်။

(ဋ) သင်တန်းအောင်မြင်ပြီး (အမှတ်ဖြင့်/အထူးကိစ္စရပ်ဖြင့်ရွေးချယ်) သူများကို နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ပါက မည်သည့်ဒေသတွင် မဆို/ လိုအပ်ချက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်တွင် အနည်းဆုံး(၃)နှစ်နှင့် ပညာသင်ထောက်ပံ့ကြေး ခံစားသူများအတွက် အနည်းဆုံး(၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံကတိ ရေးထိုးရမည်ဖြစ်သည်။

၃။ **လျှောက်လွှာပေးပို့ရန်**

(က) လျှောက်လွှာကို (ကျန်းမာရေးဝန်ကြီးဌာနနှင့်ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနတို့၏ အင်တာနက်စာမျက်နှာတွင်) ရယူပြီး ပြည့်စုံ၊ တိကျ၊ ပီသစွာ ဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် (၂၉-၈-၂၀၂၅) ရက်နေ့ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။ (နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ လိပ်မူ၍ တိုက်ရိုက် လျှောက်ထားခြင်းမပြုရ)

(ခ) လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများကို ပူးတွဲပေးပို့ရမည်-

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ) (၁)စောင်။

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်းအောင်ရမှတ်စာရင်း(မူရင်း) (၁) စောင်။

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) (၁)စောင်။

၄။ ဖြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း ထောက်ခံစာ (မူရင်း)(၁)စောင်။

၅။ အိမ်ထောင်မရှိသူ၊ အပျို/လူပျို ဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်(သို့) ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူးရုံး(အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)၏ ထောက်ခံစာ (မူရင်း) (၁)စောင်။

၆။ ကျန်းမာရေး ကောင်းမွန်သူဖြစ်ကြောင်း သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ( မူရင်း ) (၁)စောင်။

၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့် ရရှိပါက) တက်ရောက်ခွင့်ပြုမည် ဖြစ်ကြောင်း သက်ဆိုင်ရာဦးစီးဌာန အကြီးအမှူး၏ ထောက်ခံစာ(မူရင်း) (၁)စောင်။

၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံ(၁)ပုံ ကပ်ပြီး ပေးပို့ရမည်။ ( ၆-လ အတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ် ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံ နောက်ကျောတွင် လျှောက်ထားသူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မိဘ အမည်၊ နေရပ်များ ရေးရမည်။)

မှတ်ချက်။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏အမည်၊ လက်မှတ်၊ ရာထူး တံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်း ပါရှိရမည်။

၄။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင် တက်နေသူဖြစ်လျှင် သင်တန်း ကာလအတွင်း(တက္ကသိုလ်/ကောလိပ်/အဝေးသင်)ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်/အကြီးအကဲ၏ **ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့် သင်တန်းကျောင်းသို့ ပေးအပ်နိုင်ရမည်။ (သင်တန်းတက်စဉ်ကာလအတွင်း အခြားမည်သည့်လက်မှတ်ရသင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ)။**

၅။ အောက်ပါအချက်များနှင့် ငြိစွန်းသည့်လျှောက်လွှာကို ရွေးချယ်ရေးလုပ်ငန်းစဉ်တွင် လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-

(က) ရှင်းလင်းပီသစွာနှင့် ပြည့်စုံစွာ ဖြည့်စွက်ထားခြင်း မရှိသည့် လျှောက်လွှာများ။

(ခ) သတ်မှတ်ချက် စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများ။

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လိပ်မူ၍ လျှောက်ထားခြင်း မရှိသည့် လျှောက်လွှာများ၊ (လျှောက်လွှာစိစစ်ခြင်း လုပ်ငန်းများ ဆောင်ရွက် ရမည်ဖြစ်၍)

(ဃ) လျှောက်လွှာ ပိတ်ရက်ထက် နောက်ကျ ပေးပို့သည့် လျှောက်လွှာများ။

၆။ **သင်တန်းတက်ခွင့်ရအမည်စာရင်းများကြေညာခြင်း။**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်နေ့တွင် အောက်ပါဌာနများ၌ ကြေညာထားပါမည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန။

(ဂ) တက်ခွင့်ရသည့်သက်ဆိုင်ရာ သင်တန်းကျောင်းများ။

မှတ်ချက်။ သင်တန်းစတင်ဖွင့်လှစ်ပြီး (၂)ပတ်အတွင်း သတင်းပို့ တက်ရောက်ခြင်း မရှိက သင်တန်းတက်ခွင့် စာရင်းမှ ပယ်ဖျက်မည်ဖြစ်သည်။)

၇။ သင်တန်းတက်ခွင့်ရရှိပါက တက်ခွင့်ရသည့် သင်တန်းကျောင်းသို့ ရောက်လျှင် **သင်တန်းကျောင်း၏ ကျန်းမာရေးစစ်ဆေးရေးကော်မတီမှ ထပ်မံ ကျန်းမာရေး စစ်ဆေးခြင်း၊ အရပ်(၅)ပေပြည့်မီခြင်း ရှိ/ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး ဆေးစစ်ချက် အောင်မြင်မှသာ သင်တန်းတက်ခွင့် အတည်ပြု မည်ဖြစ်သည်။**

၈။ အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန။

(ခ) နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။ (သူနာပြုဌာန)(ဖုန်း- ၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉၊ လိုင်းခွဲ-၈၀၈၊ ၈၃၀)။

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အ မှတ် ၀၀.၃၇၊ ဦးပိုင်အမှတ် ၅၇.က၊ ၆၁x၆၂ကြား၊ A လမ်း x B လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဟိန်းထက်ကျော်ဦး ၉/အမဇ (နိုင်) ၀၃၅၁၅၅၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၅၇/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းခင်ဦး ၁၃/သနန(နိုင်)၀၁၉၉၉၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အမက ဆက်သေ Grade(4)မှ မောင်စိုင်းကိုကို၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဝင်းဖြိုး ၈/ ခမန(နိုင်)၂၀၆၀၀၄ ဖြစ်ပါကြောင်း။ **ဦးဝင်းဖြိုး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ် ၆၁၂၊ ဦးပိုင်အမှတ် (၂၃/၁+၂၃/၂)ခဲစင်းတောင်ခြမ်း၊ စစ်ကိုင်း-မန္တလေးကားလမ်း၊ ရောဝတီ(ရတနာပုံ)တံတားအနီးရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးနိုင်(မန်နေဂျင်းဒါရိုက်တာ အေးအေးခိုင် ကုမ္ပဏီ) ၅/စကန(နိုင်)၀၄၉၀၂၇ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/41455, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဆန်း ၉/ဝတန(နိုင်)၁၃၉၉၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

